mgyoe.com SAMPLE BOOK

ဝန်းရွှေပြည်စာအုပ်တိုက်

ငွေရှာနည်း၊ ငွေသုံးနည်း၊ ငွေစုနည်း၊
ငွေအပေါ် သဘောထားနည်း၊
ငွေရဲ့ အရည်အချင်းဂုဏ်သိက္ခာများကို
လက်တွေ့ကျကျ ညွှန်ပြမည့်စာအုပ်

# THE RULES OF WEALTH

RICHARD TEMPLAR


ညီညီနိုင်

# ကြီးပွားချမ်းသာရေး ခေတ်သစ် သိုက်တာ


mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်တွင် ရရှိနိုင်သောစာအုပ်များ

mgyoe.com
SAMPLE BOOK





ခွင့်ပြုချက် ၄၈၁၂၇၉၉၆၆၁၁




ခွင့်ပြုချက် ၄၁၁၀၇၉၁၀၆၀၀




ခွင့်ပြုချက် ၄၀၀၀၈၆၀၁၀၇





ခွင့်ပြုချက် ၄၁၀၀၈၆၉၀၆၀၇





ခွင့်ပြုချက် ၄၀၁၁၀၃၁၁၁၀




ခွင့်ပြုချက် ၈၅၁/၂၀၀၃(၈)



ခွင့်ပြုချက် ၆၇၄/၂၀၀၁(၇)




ခွင့်ပြုချက် ၄၀၀၃၉၄၀၃၀၇



ခွင့်ပြုချက် ၆၃၈/၂၀၀၃(၇)

mgyoe.com SAMPLE BOOK

| | |
|---|---|
| တန်ဖိုး | ၃၀၀၀ ကျပ် |
| အုပ်ရေ | ၅၀၀ အုပ် |
| ပထမအကြိမ် | ၂၀၁၁ ခုနှစ် ဇူလိုင်လ |
| မျက်နှာဖုံး | ပန်းရွှေပြည် |
| ထုတ်ဝေသူ | ဦးသိမ်းမင်း (၀၄၂၉၁) |
| | ပန်းရွှေပြည်စာအုပ်တိုက် |
| | ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊ |
| | တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းကျော်ထွန်း (၀၇၉၅၈)၊ |
| | မုံရွေးပုံနှိပ်တိုက်၊ |
| | ၈၁/ခ၊ သံလွင်လမ်း၊ |
| | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| စာမူခွင့်ပြုအမှတ် | ၄၀၀၄၅၁၀၄၁၁ |
| အဖုံးခွင့်ပြုအမှတ် | ၄၀၀၇၂၁၀၆၁၁ |

ညီညီနိုင် ၃၃၀.၀၀

ကြီးပွားချမ်းသာရေးခေတ်သစ်သိုက်စာ / ညီညီနိုင်။ -ရန်ကုန်၊
ပန်းရွှေပြည်စာပေ (ပထမအကြိမ်)၊ ၂၀၁၁။
၂၄၄ - စာ ၊ ၁၂.၅ × ၁၉ စင်တီ ။
(၁) ကြီးပွားချမ်းသာရေးခေတ်သစ်သိုက်စာ

mgyoe.com

mgyoe.com SAMPLE BOOK

- ငွေရှာနည်း၊ ငွေသုံးနည်း၊ ငွေစုနည်း၊
  ငွေအပေါ် သဘောထားနည်း၊
  ငွေရဲ့အရည်အချင်းဂုဏ်သိက္ခာများကို
  လက်တွေ့ကျကျ ညွှန်ပြမည့်စာအုပ်။
- ဆင်းရဲလို့ ငွေမရှိတာလား
  ငွေမရှိလို့ ဆင်းရဲတာလား။
  ကိုယ် ဘယ်အလုပ်တွေကို ဘယ်လောက်လုပ်ခဲ့လဲ။
  ဘယ်လိုလုပ်ခဲ့လဲ။
  လက်ကြောတင်းခဲ့ရဲ့လား။
  ချွေတာစုဆောင်းခဲ့ရဲ့လား။

# ကြီးပွားချမ်းသာရေး ခေတ်သစ်သိုက်စာ

## ညီညီနိုင်

RICHARD TEMPLAR

# THE RULES OF WEALTH

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

✡ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

✡ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

mgyoe.com

mgyoe.com SAMPLE BOOK

# ပါဝင်သည့်အကြောင်းအရာများ


| | | |
|---|---|---|
| * | သိုက်စာနိဒါန်း | ၆ |
| ၁ – | ကြွယ်ဝချမ်းသာမှုကို စဉ်းစားခြင်း | ၁၁ |
| | – သိုက်စာဥပဒေသ ၁ မှ ၁၈ | |
| ၂ – | ကြွယ်ဝချမ်းသာမှုကို ရယူခြင်း | ၅၇ |
| | – သိုက်စာဥပဒေသ ၁၉ မှ ၆၂ | |
| ၃ – | ချမ်းသာသည်ထက် ချမ်းသာအောင် | ၁၅၅ |
| | – သိုက်စာဥပဒေသ ၆၃ မှ ၇၉ | |
| ၄ – | ကြွယ်ဝချမ်းသာမှု တည်တံ့နိုင်မြဲရေး | ၁၉၇ |
| | – သိုက်စာဥပဒေသ ၈၀ မှ ၈၈ | |
| ၅ – | ဝေမျှချမ်းသာ ပီတိဖြာ၊ ချမ်းသာဝေမျှ သူ့အလှ | ၂၁၇ |
| | – သိုက်စာဥပဒေသ ၈၈ မှ ၁၀၀ | |


mgyoe.com

mgyoe.com SAMPLE BOOK


# သိုက်စာ နိဒါန်း

ရိုးရိုးသားသားပဲ ပြောကြပါစို့ရဲ့။ ကျွန်တော်တို့အားလုံးဟာ ကောင်းစားချင်ကြတယ်။ စားဝတ်နေရေး ပြေလည်ချင်ကြတယ်။ ပြည့်စုံကြွယ်ဝချင်တယ်။ ချမ်းသာချင်တယ်။ အလျှံပယ် ပေါကြွယ်ချင်ကြတယ်။

ပြီးတော့ တခြားလူတွေ ကြွယ်ဝချမ်းသာနေတာကို အားကျတယ်။ သူတို့ဘယ်လို ကြီးပွားလာကြတာလဲ။ တို့ရော အဲသလို ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ။

အမှန်တရားကတော့ လွယ်လွယ်လေးပါ။ ကြွယ်ဝချမ်းသာသူတွေဟာ ကျွန်တော်တို့ နားမလည်တာတွေကို သိပြီး၊ ကျွန်တော်တို့မလုပ်တဲ့ အလုပ်တွေကို လုပ်ကြတာကလား။ စိတ်ထဲရှိတဲ့အတိုင်း တကယ်အကောင်အထည်ဖော်တတ်ကြသလို၊ ကြွယ်ဝချမ်းသာဖို့ ပြုမူလုပ်ဆောင်ရမယ့် စည်းကမ်းတွေကို လိုက်နာကြပါတယ်။ ပြီးတော့ ဒီစည်းကမ်းနည်းလမ်းတွေကလည်း တခြားလူတွေနှင့် ကွဲပြားခြားနားကြတာပဲလေ။

ခု စာအုပ်ဟာ အဲ့ဒီလုပ်ရပ် ဥပဒေသတွေကို စုစည်းဖော်ထုတ်ပေးထားတာဖြစ်လို့၊ စာဖတ်သူအနေနှင့်လည်း ပိုပြီးချမ်းသာကြီးပွားရေးလမ်းစဉ်ကို ရွေးချယ်နိုင်မှာပါ။

ဒီစာအုပ်ပါ စည်းကမ်းဥပဒေသတွေဟာ ကျွန်တော်လေ့လာရသမျှ လူချမ်းသာတွေရဲ့ အရည်အချင်းတွေကို ဖော်ကျူးထားတာဆိုလည်း မမှားပါဘူး။ တစ်နည်းပြောရင် 'အကြောင်းနှာတရားနှင့်သိမ်မွေ့လှပတဲ့ ပဥ္စလက် အတတ်တွေ' လို့တောင် ခေါ်နိုင်ပါတယ်။ ဒီစည်းကမ်းဥပဒေသတွေအရ လိုက်နာကျင့်ကြံရင် သူတို့လိုပဲ ချမ်းသာကြွယ်ဝလာမှာပဲပေါ့။

mgyoe.com

SAMPLE BOOK


ဒီစာအုပ်ထဲမှာ ရိုးရိုးစင်းစင်းလေး ဖော်ထုတ်တင်ပြထားတာ တွေကတော့-

- သူတို့ဟာ ငွေရဖို့ ဘာတွေလုပ်ကြသလဲ။
- ငွေဝင်လမ်းဖြောင့်ပြီး ငွေရှင်အောင် ဘယ်လိုဆက်လုပ် ကြသလဲ။
- ရတဲ့ငွေကို သူတို့ ဘယ်လောက်ထိန်းထားနိုင်သလဲ။
- ရတဲ့ငွေကို သူတို့ ဘယ်လိုသုံးသလဲ၊ ဖြုန်းသလဲ။
- ရတဲ့ငွေကို သူတို့ ဘယ်လို ရင်းနှီးမြှုပ်နှံသလဲ။
- ရတဲ့ငွေနှင့် သူတို့ ဘယ်လို မြူးထူးပျော်ပါးသလဲ။

တကယ်တမ်းကျတော့ ကျွန်တော်တို့ဟာ ချမ်းသာကြွယ်ဝ ရေးကို လုပ်သင့်သလောက် မလုပ်ကြပါဘူး။ ဗြိတိန်မှာဆိုရင် ၁နှစ်- ၁နှစ် ပေါင် ဘီလျံ ၅၀ လောက်ဟာ လောင်းကစားပစ် ကြတာပါပဲ။ ဒါဟာ ငွေကို အလွယ်နည်းနှင့်ရှာတဲ့ အဓိပ္ပာယ် သာ ဖြစ်ပါတယ်။ ဒီအတူ ဘီလျံ ၅၀ လောက် အလဟဿ ဖြုန်းပစ်ရာလည်း ရောက်ပါတယ်။ လူအားလုံးကတော့ ဘယ် လိုမှ နောင်တ မရကြပါဘူး။

ကက်ဆီနိုကစားဝိုင်းတွေဟာ တခြားစီးပွားရေးလုပ်ငန်းတွေ လိုပဲ ရာခိုင်နှုန်း စားကြပါတယ်။ ဂဏန်းဝိုင်းလှည့် အန်စာလုံး ပစ်တဲ့ကစားနည်းမှာတင် တစ်ပွဲကို ၂၈ ရာခိုင်နှုန်း ယူပြီးသား ပေါ့။ အဓိပ္ပာယ်က တစ်ပတ်လှည့်တိုင်း ပေါင် ၁၀၀ မှာ ၂၈ပေါင် ဒိုင်အိတ်ထဲ ရောက်သွားတာပဲပေါ့။ ဒီတော့ ထိုးသားက ၇၂ ပေါင်ပဲ အလျော်ရမယ့်သဘော။ နိုင်တဲ့ လူနည်းပြီး ရှုံးတဲ့လူက များမယ်။ ကံကောင်းရင်တော့ အရင်းရမယ်။ ဘာပဲဖြစ်ဖြစ်၊ ဒိုင် ကတော့ အမြဲတမ်း အနိုင်ရမယ်။ ရေရှည်မှာ ဒိုင်စားသွားရုံပါပဲ။

ဒီခေတ်ကြီးမှာ အကြီးအကျယ် လောင်းကစားလုပ်တဲ့လူတွေ များသထက်များလာတာ တွေ့ရပါတယ်။


mgyoe.com

ကက်ဆီနိုဝိုင်းတွေကို ကြည့်ပြီး ကောက်ချက်ချမိတာက တော့–

- လူတွေမှာ ငွေပိုငွေလျှံတွေ ရှိနေသလို၊ သုံးနိုင်ဖြုန်းနိုင်ကြတယ်။ တချို့ကတော့ ငွေမည်းတွေကို တမင်သုံးပစ်ကြတာ။
- သူတို့က ကံကိုယုံပြီး ပုံအော ကံစမ်းကြတယ်။
- ရှုံးတာကိုပဲ အရသာ ခံချင်ကြတယ်။
- ဖြတ်လမ်းနည်းနှင့် ငွေရှာကြတာလည်း ဖြစ်တယ်။

ဒီစာအုပ်ဟာ အထက်ကလူစားတွေအတွက်တော့ မဟုတ်ပါဘူး။ 'ခပ်လွယ်လွယ် ငွေရှာနည်း' လည်း မဟုတ်ပါဘူး။ 'သမ္မာအာဇီဝနှင့် စီးပွားဖြစ်ပြီး တိုးတက်ကြီးပွားရေးလမ်းညွှန်' လို့သာ ဆိုရပါမယ်။

ဒီစာအုပ်က နားလည်သင့်တဲ့ အခြေခံမှုတွေ၊ မဟာဗျူဟာတွေကို ခင်းကျင်းပြသပေးမယ်။ အမြန်သူဌေးဖြစ်အောင်တော့ လုပ်မပေးနိုင်ပါဘူး။ ဒါပေမယ့် ငွေရပေါက်ရလမ်းတွေ ဖွင့်ပေးပြီး ကြွယ်ဝချမ်းသာမှုကို တိုးပွားစေပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ဒိုင်နေရာက အမြဲနိုင်အောင် လုပ်လာနိုင်စေရမယ်။

ဒီတော့ ဘာတွေလုပ်ဖို့ လိုသလဲ။ ဟုတ်ပြီ။ ကျွန်တော်တို့ လုပ်သင့်တာအားလုံး လုပ်ရမှာပဲပေါ့။ လုပ်စရာတွေလည်း အများကြီးပါ။ စည်းကမ်းတစ်ချက်ချင်းက အောင်မြင်ရမယ်လို့တော့ အာမမခံနိုင်ပါဘူး။ ဒါပေမယ့် ကံလမ်း၊ ဉာဏ်လမ်းတွေ ဖွင့်ပေးမှာတော့ သေချာပါတယ်။ လာဘ်မြင်လာမယ်။ ငွေရှာတဲ့အခွင့်အရေးတွေရှိတာ သိလာမယ်။ အဲ– ဖဲကစားသလို ကြွေတစ်လက်ကြက်တစ်ခုန် ဝုန်းခနဲဒိုင်းခနဲ အောတိုက်နိုင်မှာ မဟုတ်ပေမယ့်၊ ရေရှည်မှာ ဖဲစွဲပြီး မွဲသွားတာမျိုး၊ အရှုံးနှင့်သောက ရင်မှာပိုက်ရတာမျိုး မကြုံရဖို့တော့ တာဝန်ယူပါတယ်။

mgyoe.com

ဒီနေရာမှာ ငိုပြစရာမလိုတဲ့တိုင်အောင် 'ကျွန်တော် ငယ်ငယ်က ဆင်းရဲခဲ့တယ်' ဆိုတာတော့ ပြောချင်ပါတယ်။ ကျွန်တော့်လက်ထဲ ခြူးတစ်ပြားမကပ်တဲ့အချိန်မှာ တခြားလူတွေ ငွေတွေပုံတိုက်ရနေတာ တွေ့ရပါတယ်။ ဒါနှင့်အမျှ ကျွန်တော်သိတာအဟုတ်ကို တကယ့်ကို သိခဲ့တာကလည်း ဒီလိုဆင်းရဲမွဲတေတဲ့ဘဝက လွတ်အောင် ရုန်းထွက်နိုင်ရေးပဲ ဖြစ်ပါတယ်။

သို့သော် စစချင်း ခြေလှမ်းတွေ မှားခဲ့တာလည်း မနည်းပါဘူး။ နည်းမှန်လမ်းမှန် မတွေ့မချင်းတော့ ဝဋ်ပါထဲ ချာချာလည်ခဲ့ရတယ် ဆိုပါတော့။ ဒီကြားထဲကပဲ အချိန်ပေးပြီး အစစ်တကယ်ချမ်းသာမယ့်နည်းကို ဒုက္ခခံပြီးရှာခဲ့ရာက လမ်းမှန်ပေါ် ရောက်ခဲ့ရတာပါပဲ။ အဲသလို လက်တွေ့စမ်းသပ်မှုတွေအပေါ် အခြေခံလို့ရလာတဲ့ အသိပညာတွေကို အခု စာဖတ်သူကို ဝမ်းသာအားရလက်ဆင့်ကမ်းပေးမှာပါ။ ဒီ့အတွက် စာရှုသူအနေဖြင့်-

သိပ်ချမ်းသာချင်သလား။

သမ္မာအာဇီဝနှင့် လုပ်ကိုင်မှာလား။

ဒီနည်းတွေကို ရရချင်း အသုံးချမှာလား။

တချို့ကို ဘေးဖယ်ပစ်မှာလား။

တချို့ကို ခေါင်းထဲသိမ်းဆည်းထားမလား- ဆိုတာတွေအတည်ပြုပေးစေချင်ပါတယ်။

ချမ်းသာဖို့ကတော့ အနည်းနှင့်အများ ရမှာပါပဲ။ စာအုပ်ပါအတိုင်း လက်တွေ့လုပ်ဖို့လည်း ပြင်ဆင်ထားရမှာပဲပေါ့။

ကြွယ်ဝချမ်းသာရေးကို အထောက်အကူပြုမယ့် ဒီစာအုပ်မှာအပိုင်း ၅ ပိုင်း ခွဲထားပါတယ်။

၁- ကြွယ်ဝချမ်းသာရေးကို စဉ်းစားခြင်း။

၂- ကြွယ်ဝချမ်းသာမှု ရခြင်း။

၃- ပိုမို ကြွယ်ဝချမ်းသာလာခြင်း။

၄- ကြွယ်ဝချမ်းသာစွာ ထိန်းသိမ်းနေထိုင်ခြင်း။



mgyoe.com

၅- မိမိရဲ့ကြွယ်ဝချမ်းသာမှုကို မျှဝေခြင်း-

ဆိုတဲ့ ကဏ္ဍတွေပဲပေါ့။

ကျွန်တော်တို့က ကြွယ်ဝချမ်းသာရေးကို တွေးတာနှင့် အစပျိုးရတဲ့အကြောင်းက အတွေးတွေဟာ အခြေခံအကျဆုံး ဖြစ်လို့ပါပဲ။

ကျွန်တော်တို့အားလုံးမှာ ငွေနှင့်ပတ်သက်တဲ့ ယုံကြည်မှုတွေ, အစွဲအလမ်းတွေ ရှိနေကြပါတယ်။ များသောအားဖြင့် 'ငွေက ကျွန်တော်တို့ကို ပျော်အောင် လုပ်မပေးနိုင်ဘူး' လို့တောင် ယုံကြည်ထားတတ်ကြတာကလား။ တကယ်တမ်းကျတော့ ငွေရှိမှ ပျော်ရတာကို တိတ်တဆိတ်ယုံကြည်ထားကြတာပါ။

ငွေမရှိတဲ့အခါ စိတ်ညစ်, စိတ်မချမ်းသာ ဖြစ်ရတာလည်း အမှန်ပါပဲ။ ငွေက အရာရာကိုဖန်တီးပေးနိုင်ပြီး၊ လိုချင်တာရတော့လည်း မြူးရပျော်ရတာပဲ မဟုတ်ပါလား။

ဒီယုံကြည်ချက်တွေ မှန်,မမှန်ဆိုတာ ကိုယ်ကိုယ်တိုင် အဖြေရှာကြည့်ပါ။

ကဲ- ကြာပါတယ်လေ။ အခုပဲ စလိုက်ကြရအောင်။ ကြိုးစားကြည့်ကြမလား။

ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ်၊ ဟော့ဒီမှာ ဣစ္ဆာသယ လိုတရတဲ့ ရတနာသိုက်ကြီးကို ဖွင့်ပြလိုက်ပါပြီ။

ရစ်ချတ် တမ်ပလာ

mgyoe.com

o m SAMPLE BOOK


# ကြွယ်ဝချမ်းသာမှုကို စဉ်းစားခြင်း

mgyoe.com

mgyoe.com SAMPLE BOOK


## ကြွယ်ဝချမ်းသာမှုကို စဉ်းစားခြင်း

'ငွေ'ဆိုတာ အထင်အမြင်တစ်ခုသာ ဖြစ်ပါတယ်။ တကယ်စင်စစ် ဒီငွေကို မမြင်ရသလို ကိုင်လည်း ကိုင်လို့ မရပါဘူး။ သင့်လက်ထဲက ရွှေချောင်း တစ်ချောင်းမှ မဟုတ်ဘဲ။ ဆိုလိုတာက ငွေဆိုတာ ဘဏ်ကထုတ်ထားတဲ့ ကြားခံစက္ကူ သို့မဟုတ် ချက်လက်မှတ်ကို အသိအမှတ်ပြုသင်္ကေတအဖြစ် သုံးနေရလို့ပါပဲ။ ဟုတ်ပါတယ်။ စက္ကူတွေပါ။ ဒါပေမယ့် စွမ်းအားကြီးမားပြီး တန်ခိုးထက်တဲ့ စက္ကူတွေပေါ့။

ငွေအယူအဆဟာ ကျွန်တော်တို့အများစုဆီကို ဝန်ထုပ်ဝန်ပိုးတွေအဖြစ် တနင့်တပိုးကြီးရောက်လာပါတယ်။ ကျွန်တော်တို့အရိုးစွဲနေတဲ့ ယုံကြည်ချက်တွေက ငွေဟာ ကောင်းတယ်, မကောင်းဘူး။ ငွေရှိတာ ကောင်းတယ်, မကောင်းဘူး။ ငွေလိုချင်တာ ကောင်းတယ်, မကောင်းဘူး။ ငွေကိုချစ်တာ ကောင်းတယ်, မကောင်းဘူး။ ငွေသုံးဖြုန်းတာ ကောင်းတယ်, မကောင်းဘူး' ဆိုတာတွေပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော့်အနေနှင့် ပထမစည်းမျဉ်း ဒေသတချို့မှာ အကြံပေးဖို့ ရည်ရွယ်တာက ငွေကြေးကြွယ်ဝချမ်းသာတာကို ကြံစည်စိတ်ကူးတာနှင့် အဓိကပတ်သက်ပါတယ်။ အလွန်ချမ်းသာချင်တာဟာ အန္တရာယ်ရှိသလိုပဲ၊ ခု 'မချမ်းသာချင်ဘူး။ ငွေဟာ မြွေဆိုးပဲ' လို့ မှတ်တာကလည်း ဒုက္ခပေးမှာပေါ့။

ကျွန်တော်ကတော့ ငွေရှာဖို့ ကြိုးပမ်းတာကို သဘောကျပါတယ်။ ငွေရှာတာဟာ အားကစားတစ်ရပ်နှင့် တူပါတယ်။ လေ့ကျင့်မှုတွေ များလေလေ, ပိုတော်လာလေပဲပေါ့။ ဒီအတိုင်းပဲ ပျင်းနေလို့ကတော့ ငွေရမှာ မဟုတ်ပါဘူး။ ထိုက်ထိုက်တန်တန် ငွေရဖို့ဆိုရင် လုပ်သင့်တဲ့အလုပ် လုပ်ရပါလိမ့်မယ်။

အဲဒါနှင့်အမျှ ကိုယ်လိုချင်တာ ဘာဆိုတာရယ်၊ ဘာကြောင့် လိုချင်တယ်။ ဘယ်လို ရအောင်လုပ်ရမယ်။ ရလာရင် ဘာတွေလုပ်မလဲ စသဖြင့် ကိုယ့်အတွင်းစိတ်ကို ကိုယ် ကျေကျေညက်ညက် သိထားသင့်ပါတယ်။ ကိုယ့်စိတ်ကူးအတိုင်းတော့ အလွယ်တကူ ဖြစ်လာလိမ့်မယ်လို့ ဘယ်သူကမျှ မပြောနိုင်ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

## သိုက်စာ ဥပဒေသ ၁၀

### ဘယ်သူမဆို ငွေရအောင် လုပ်နိုင်တယ်။
### ငွေက လူမရွေးပါဘူး။ မျက်နှာ မလိုက်တတ်ဘူး။

ငွေနှင့်ပတ်သက်လို့ ချစ်စရာကောင်းတာက 'ဘယ်သူဘယ်ဝါမှ ငါလိုက်မယ်' လို့ မျက်နှာ မရွေးတတ်တာပါပဲ။ သူက အသားအရောင်, လူမျိုး, အဆင့်အတန်း, မိဘမျိုးရိုးတွေနှင့် ကိုယ်ဘယ်သူ ဆိုတာတောင် အရေးထားပြီး ခွဲခြားမှု မရှိပါဘူး။ ခင်ဗျား မနေ့က ဘာတွေလုပ်ခဲ့တယ် ဆိုတာလည်း အမှုမထားဘဲ၊ နေ့စဉ် တစ်နေ့တာ စာမျက်နှာသစ်ဖွင့်ပေးပြီး၊ တခြားလူတွေလိုပဲ လိုချင်သလောက် ယူနိုင်တဲ့ လုပ်ပိုင်ခွင့်တွေ, အခွင့်အလမ်းတွေ ပေးနေတာပါပဲ။ ခင်ဗျားကို နောက်ပြန် တုပ်ဆွဲထားတာက ခင်ဗျားကိုယ်တိုင်နှင့် ငွေအပေါ်မှာခံယူထားတဲ့ ခင်ဗျား အမြင်ပဲ ဖြစ်ပါလိမ့်မယ်။

လောကကြီးရဲ့ ကြွယ်ဝချမ်းသာမှုနှင့် စည်းစိမ်ဥစ္စာတွေကို လူတစ်ဦးချင်း အဖို့ ယူနိုင်သလောက် ရကြတာပါပဲ။ ဒါကို ကိုယ်ကလွဲလို့ တခြားဘယ်သူက သိနိုင်ဦးမှာလဲ။ 'ငွေ' ဆိုတဲ့ သက်မဲ့အရာဝတ္ထုကလည်း သူ့ကို ဘယ်သူကြိုးကိုင် ခြယ်လှယ်နေသလဲ။ ကိုင်တွယ်သုံးစွဲနေသလဲ။ အဲ့ဒီလူတွေရဲ့အရည်အချင်း, သူတို့ရဲ့ရည်ရွယ်ချက်, အဆင့်အတန်းတွေကိုလည်း ငွေက သိစရာအကြောင်း မရှိပါဘူး။

ငွေမှာ မျက်စိ, နား, အသိဉာဏ်ရယ်လို့မှ မရှိဘဲကလား။ အသိဉာဏ်လည်း မရှိဘူးလေ။ ရုပ်ပစ္စည်းတစ်ခုအနေနှင့် အင်အားမရှိဘူး။ စိတ်ကူးနှင့် အာရုံထဲမှာပဲ အသက်ဝင်နေရတယ်။ သဲလွန်စလည်း မကျန်ဘူး။ အသုံးခံအဖြစ် သုံးဖို့သက်သက်ပဲ ဖြစ်တယ်။ စုဆောင်းလို့ ရတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်တယ်။ သူ့မှာ မျက်နှာလိုက်ပြီး ခွဲခြားဆက်ဆံမှု မရှိတဲ့အတွက် ချမ်းသာတာ, မချမ်းသာတာကိုလည်း ဆုံးဖြတ်စီရင်မှု မရှိပါဘူး။

ကျွန်တော်ဟာ ကျိုကျိုတက်ချမ်းသာကြွယ်ဝသူ အမြောက်အမြားကို စောင့်ကြည့်လေ့လာရာမှာ သူတို့အားလုံးမှာ တူညီတဲ့အချက်က ငွေရဲ့ စည်းကမ်းဥပဒေသ

mgyoe.com

အတိုင်း လိုက်နာ ကျင့်ဆောင်နေကြတာပါပဲ။ ကြွယ်ဝချမ်းသာသူတွေဟာ တစ်မျိုးတစ်စားတည်းရှိနေတာ တွေ့ရပါတယ်။ သူတို့က မိကောင်းဖခင်သားသမီးတွေနှင့် လူရမ်းကားတွေ ကွာခြားသလို ကွာခြားပါတယ်။ လူမိုက်တွေနှင့်လည်း မတူဘဲ၊ မထိုက်တန်သူတွေနှင့်လည်း ကွဲပြားပါတယ်။ ဒါပေမယ့် သူတို့ထဲက တစ်ယောက်ယောက်ရဲ့ ပြောသံကို နားထောင်ကြည့်မယ်ဆိုရင်လည်း-

''ဟုတ်ကဲ့။ ကျေးဇူးပြုပြီး အဲဒါလေးတချို့တော့ လိုချင်ပါတယ်''လို့ပဲ ဖြစ်ပါလိမ့်မယ်။

လူဆင်းရဲတွေ ပြောမယ့်စကားကတော့-

''အို-ကျွန်တော် မလိုချင်ဘူး။ ကျွန်တော့်အတွက်မှ မဟုတ်တာ။ ကျွန်တော်က မထောပါဘူး။ ကျွန်တော်နှင့်လည်း မတန်ပါဘူး။ ကျွန်တော် မတတ်နိုင်ပါဘူး။ ယူလို့မဖြစ်ဘူး။ မရသင့်ပါဘူး''တဲ့။

ဒါဟာ ဒီစာအုပ်ရေးထားရတဲ့အကြောင်းရင်းပဲဖြစ်ပြီး၊ ငွေနှင့် ကြွယ်ဝချမ်းသာမှုနှင့်စပ်လျဉ်းတဲ့ အသိစိတ်ကို စိန်ခေါ် လှုံ့ဆော်ပေးတာလို့ပဲ ဆိုရပါမယ်။

လူတွေဆင်းရဲရတာဟာ ဆင်းရဲစရာအကြောင်းတွေရှိလို့သာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကျောထောက်နောက်ခံ ပတ်ဝန်းကျင်, သူတို့ကြီးပြင်းလာရမှုနှင့် သူတို့ကို ပြုစုပျိုးထောင်မှုတွေအပေါ်လည်း မူတည်ပါတယ်။

ဒါပေမယ့် ဒီစာအုပ်မျိုးကိုဖတ်မယ့် လောကကြီးရဲ့ သက်သာချောင်ချိမှုနှင့် ဘဝလုံခြုံမှုကို နှိုင်းယှဉ် သဘောပေါက်လာမယ်ဆိုရင် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာချင်တဲ့စွမ်းအင်တွေ အပြည့်ရှိလာမှာပါ။

ချမ်းသာကြွယ်ဝဖို့ ဆိုတာ ခက်ခဲချင် ခက်ခဲမယ်။ ကြမ်းတမ်းချင် ကြမ်းတမ်းမယ်။ ဒါပေမယ့် ရအောင်လုပ်လို့ ဖြစ်နိုင်တာပဲ။

ဒီတော့ ဥပဒေသ ၁ အနေနှင့်-

လူတိုင်း ဘယ်သူမဆို ချမ်းသာကြွယ်ဝနိုင်တယ်။ ကိုယ့်ကိုယ်ကို အသုံးချရုံပဲ ရှိတယ်။ ဒီအတွေးအမြင်ကို အသည်းထဲစွဲထားလိုက်မယ်ဆိုရင် ကျန်တဲ့ ဥပဒေသအားလုံးဟာ ကျင့်ဆောင်ဖို့ လွယ်သွားပါပြီ။

mgyoe.com

## သိုက်စာ ဥပဒေသ ၂

## ကြွယ်ဝချမ်းသာခြင်းရဲ့ အနက်အဓိပ္ပာယ်အပေါ် ကိုယ်ပိုင် ဆုံးဖြတ်ချက်ချပါ။

ကဲ- ဒီတော့ ကြွယ်ဝချမ်းသာမှုဆိုတာကို ခင်ဗျားဘယ်လို အဓိပ္ပာယ်ကောက်သလဲ။ ဒါဟာ ချမ်းသာကြွယ်ဝဖို့ ကြံနေတယ်ဆိုရင် အေးအေးဆေးဆေး ထိုင်ပြီး ကြိုတင်စဉ်းစားအဖြေထုတ်ရမယ့် အချက်ပါပဲ။

ကျွန်တော်ရဲ့ လေ့လာစူးစမ်းချက်အရတော့ လူချမ်းသာတွေဟာ ဒီအချက်ကို သေချာပေါက်စဉ်းစားကြပါတယ်။ သူတို့က ကြွယ်ဝချမ်းသာမှုဟာ ဘာကိုဆိုလိုတယ်ဆိုတာ အတိအကျ နားလည်ကြတာကလား။

ကျွန်တော့်မှာ ချမ်းသာပြီး အင်မတန်ရက်ရောတဲ့ မိတ်ဆွေတစ်ယောက် ရှိခဲ့ပါတယ်။ 'သူ့မှာ ငွေကြေးအရင်းအနှီး စုဆောင်းမိပြီဆိုတာနှင့် လုပ်ငန်းလုပ်ဖို့ စဉ်းစားတာပါပဲ' လို့ ပြောပါတယ်။ သူ ရင်းနှီးထည့်ဝင်မှုတွေ, အတိုးတွေ, တိုးညွှန့်တွေစားပြီး ချမ်းသာကြွယ်ဝမယ်လို့ ယူဆခဲ့ပါတယ်။ သူ့အသံဟာ တကယ့်ကို နားဝင်ချိုစရာပါ။

ခုဆိုရင် ဒီမိတ်ဆွေဟာ နာရီနှင့်အမျှဝင်လာတဲ့ အတိုးပေါ်က အမြတ်တွေဟာ ဘယ်လောက်များမလဲဆိုတာ သိနေပါပြီ။ ဒါ့ကြောင့်လည်း သူ ညစာ စာတစ်နပ်ထွက်စားရင် ဘယ်လောက်ကုန်သလဲဆိုတာနှင့် ဒီလိုစားနေတုန်း ငွေဘယ်လောက် ဝင်နေမလဲ သိနေပါတယ်။ ထမင်းတစ်နပ်စာထက် ငွေတွေပိုနေသမျှ သူပျော်နေရတယ်လို့ ဆိုပါတယ်။

ထမင်းတစ်နပ်စာ ရှိနေရင် တစ်နပ်စာ စိတ်ချမ်းသာရသလို၊ ၁ ပတ်စာ, ၁ လစာ, ၁ နှစ်စာ, ၁၀ နှစ်စာ, တစ်ဘဝစာ ရှိနေတာဟာ ပိုပိုပြီး ချမ်းသာတာပဲ ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒီဖွင့်ဆိုချက်ကို လက်ခံချင်မှ လက်ခံပါ။ ဒါမှမဟုတ်



mgyoe.com

mgyoe.com SAMPLE BOOK

ဒီထက်မကတဲ့ ကိန်းဂဏာန်းတွေနှင့် ပြချင်ပြပါ။ ဘာပဲဖြစ်ဖြစ် ချမ်းသာတယ်ဆိုတာ ကောင်းမြတ်တဲ့မင်္ဂလာပါပဲ။

ရှေးတုန်းက လူတိုင်း မီလျံနာကြီးတွေ ဖြစ်ချင်ကြပါတယ်။ တကယ်ဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာလည်း အလွယ်တကူပဲ အကဲဖြတ်နိုင်ပါတယ်။ ဒီနေ့အဖို့တော့ သန်းချီတန်တဲ့အိမ်ပိုင်ဆိုင်သူတွေ တစ်ပုံကြီး ရှိနေပေမယ့် သူတို့ကိုယ်သူတို့ လူချမ်းသာဖြစ်ပြီလို့ မခေါ်ဝံ့ကြတော့ဘူး။ ဒီနေ့ဆိုရင် ဘီလျံနာကြီးတွေ မဖြစ်သမျှ၊ ကုဋေကြွယ်သူဌေးကြီးတွေ မဖြစ်သမျှ မဟာဘောဂလူချမ်းသာဘွဲ့ကို မခံနိုင်တော့ဘူး ဆိုရမယ်။

ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဖွင့်ဆိုချက်အနေနှင့် နှိုင်းယှဉ်ချက်ထားပြီး ပြောရရင် 'ပြည့်စုံလုံလောက်မှုရှိနေရင် မပြည့်စုံမှုအတွက် မပူရတော့ဘူး'လို့ပါပဲ။

အဲ့ဒီ ပြည့်စုံမှုက ဘယ်လောက်ကြီးမား များပြားရမလဲ။ အမြဲတမ်းလိုလိုတော့ ပိုမရမှာ စိုးရိမ်နေရပြီး လိုချင်တာထက်လျော့နေတာ ကြုံရမှာပါပဲ။

ဒါပေမယ့် အလေးအနက်ပြောရရင်တော့ ကျွန်တော့်အဖို့တော့ ရာတန်တွေ ရနေရတာထက် ထောင်တန်တွေ ရေတွက်နေရရင်ပဲ အရသာရှိလှပါပြီ။ ငွေတွေ သောင်းကနေ သိန်းချီလာမှာကို သိရရင်ပဲ ပျော်နေပြီး၊ ဘယ်လောက်လိုအပ်လို့ ဘယ်လောက်သုံးနိုင်တယ်ဆိုတာ သိနေတာလည်း ပီတိတစ်မျိုး ခံစားရတာပါပဲ။

တချို့လူတွေကတော့ မိသားစုနှင့်အိမ်မှာ အရေးပေါ်လိုအပ်လာမယ့်ငွေ ဘယ်လောက်ရှိရမယ်ဆိုတာတောင် မပူကြပါဘူး။ ထားပါတော့။

ခင်ဗျားကိုယ်တိုင်ကကော ချမ်းသာကြွယ်ဝမှုကို ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ။

ခင်ဗျားပိုင်ဆိုင်တဲ့ ကားစင်းရေပေါ်မှာလား။ အိမ်စေတွေ အနည်းအများလား။ ဘဏ်က အပ်ငွေတွေလား။ အိမ်တန်ဖိုးနှင့်လား။ အရပ်ရပ် ရင်းနှီးမြှုပ်နှံမှုတွေလား။ ဘာပဲပြောပြော၊ အဖြေတွေက အမှန်၊ အမှားရယ်လို့ မရှိနိုင်ပါဘူး။

ကျွန်တော်ပြောချင်တာကတော့ ခင်ဗျားမှာ ချမ်းသာကြွယ်ဝမှုကို တိုင်းတာသတ်မှတ်ချက် ရှိမထားဘူးဆိုရင်တော့ ဒီသိုက်စာကို ဆက်မဖတ်ပါနှင့်တော့။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့မှာ ပစ်ကွင်း၊ ပစ်မှတ်ရယ်လို့မရှိဘဲနှင့်တော့ ချိန်လို့ရမှာ မဟုတ်ပါဘူး။ ဦးတည်ချက်မရှိဘဲ အိမ်ကထွက်ရင်၊ ဒါမှမဟုတ် လမ်းပျောက်နေရင်တော့ နာရီနှင့် ချီပြီး မျက်စိလည်နေမှာ သေချာတယ်။

ကျွန်တော်တို့မှာ အနက်အဓိပ္ပာယ်မျှမသိရင် အောင်မြင်မှုကို ဘယ်လို အကဲဖြတ်မလဲ၊ ထိန်းသိမ်းမလဲ၊ ရအောင်လုပ်နိုင်ပါတော့မလဲ။

ဒီစာအုပ်ကိုဖတ်ပြီး နားမလည်ရင် သို့မဟုတ် သိုက်ညွှန်းအတိုင်း လိုက် မလုပ်ရင်တော့ ဒီစာအုပ်ရဲ့ ကူညီပံ့ပိုး အကျိုးပြုမှုကို ဘယ်လိုသိပါတော့မလဲ။


mgyoe.com

## သိုက်စာ ဥပဒေသ ၃

### ဦးတည်ချက် ထားပါ။

ချမ်းသာကြွယ်ဝမှုနှင့်ပတ်သက်လို့ အနက်ဖွင့်နိုင်ပြီ။ နားလည်သဘော ပေါက်ပြီဆိုရင် ဦးတည်ရမယ့်ပန်းတိုင်တစ်ခု ခင်ဗျားမှာ ရှိနေပြီ ဆိုရပါတော့မယ်။ ဦးတည်ချက်ကိုချမှတ်ရာမှာ ဒီခရီးပန်းတိုင်ကို အရောက်သွားရမယ့် အချိန်ဇယား တစ်ခုလည်း ရေးဆွဲရတော့မှာပေါ့။ အဲ့ဒါက ရိုးရိုးစင်းစင်းလေးပါ။ ကိုယ်သေချာ ပေါက်သွားမယ်လို့ မှန်းထားတဲ့နေရာတစ်ခုကို ရောက်သွားဖို့က သိစရာတွေ ခုလို ရှိတာပဲလေ။

- ဘယ်အချိန် အိမ်က ထွက်မလဲ။
- ဘယ်အချိန် ရောက်မယ် မျှော်လင့်သလဲ။
- ဘယ်လမ်းက သွားမလဲ။
- အဲ့ဒီနေရာ ရောက်တဲ့အချိန်မှာ ဘာလုပ်မလဲ။

ချမ်းသာဖို့ နည်းလမ်းဟာလည်း ဒီအတိုင်း တစ်သဝေမတိမ်းပါပဲ။

ချမ်းသာခြင်းက ကိုယ့်အတွက် ဘယ်လိုအဓိပ္ပာယ်ဆောင်သလဲ သိရမှာဖြစ် သလို၊ ချမ်းသာတဲ့ဘဝကို ရောက်အောင်သွားဖို့ ရည်ရွယ်ချက်လည်း ရှိရမယ်။

'ချမ်းသာမှုရဖို့ ဘယ်လောက်ကြာမလဲ တွက်ဆမျှော်လင့်ပြီး ဘာတွေလုပ် မယ်၊ သို့မဟုတ် ငွေတွေရရင် လုပ်ချင်တာတွေကိုလည်း တွေးထားရမှာပဲလေ။

ဒီလောက်ဆိုရင် ချမ်းသာရေးဦးတည်ချက်ရဲ့ အရေးပါပုံကို နားလည် လောက်ပါပြီ။

ဘယ်လောက် ချမ်းသာချင်တယ်ဆိုတဲ့ပမာဏနှင့် ဘယ်အချိန် အတွင်းဆိုတဲ့ ကာလသတ်မှတ်ချက်တွေ မရှိသင့်ပေဘူးလား။ ဆိုပါတော့။

ကျွန်တော့်အသက် ၄၀ ပြည့်မွေးနေ့မှာ မီလျံနာတစ်ယောက်ဖြစ်ရမယ် လို့ မှန်းထားတယ်။ အဲ့ဒီငွေတွေကိုလည်း အောင်မြင်တဲ့ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထောင်ပြီး ရလာအောင်လုပ်မယ်။

အဲဒါ ကျွန်တော့်အတွက်တော့ လွယ်လွယ်လေးပါ။ ခင်ဗျားအတွက်တော့



mgyee.com

mgyoe.com
SAMPLE BOOK


ဒီကိစ္စဟာ နည်းနည်းခက်ချင် ခက်လိမ့်မယ်။ ဘာ့ကြောင့်ဆို ဒီအကြောင်းကို အရင်က စဉ်းစားခဲ့တာမှ မဟုတ်ဘဲကိုး။

အို- ဒါမှမဟုတ်ရင်တော့၊ ခင်ဗျားမှာ အမှတ်မထင်စွဲမက်ခဲ့တဲ့ အိပ်မက် တစ်ခု ရှိနိုင်ပါတယ်။ ငါ အလွန်အမင်း ချမ်းသာချင်တယ်။ နာမည်လည်း သိပ် ကြီးချင်တယ်။ ထူးထူးခြားခြား အောင်မြင်ချင်တယ်။ ဒီလိုဆိုရင်တော့ 'ဘာဖြစ် ချင်တယ်။ ဘယ်တော့ ဖြစ်ချင်တယ်။ ဘယ်လို ဖြစ်အောင်လုပ်မယ်' ဆိုတာတွေ အတိအကျ ဆုံးဖြတ်ရတော့မှာပဲပေါ့။

'ချမ်းသာချင်စိတ် တစ်အားပြင်းထန်နေသလား, မပြင်းထန်ဘူးလား' ဆိုတဲ့ အပေါ်မှာမူတည်ပြီး ခုချက်ချင်းပဲ ဆုံးဖြတ်ပါ။ ဦးတည်ချက် ချမှတ်ပါ။

ကျွန်တော် စောင့်နေပါ့မယ်။ ဟုတ်ပြီ။ ခင်ဗျား စဉ်းစားပြီးပြီလား။ ကဲ- ဘယ်လို စဉ်းစားသလဲ။ ဘာဆက်လုပ်မလဲ။ ခင်ဗျားရဲ့ ဦးတည်ချက်ဟာ လက်တွေ့ ကျရမယ်။ ရိုးသားဖြောင့်မတ်ရမယ်။ ဖြစ်နိုင်ခြေလည်း ရှိရမယ်။ တကယ်အစစ် အမှန် လက်တွေ့ကျရမယ် ဆိုတဲ့အဓိပ္ပာယ်က ကမ္ဘာပေါ်မှာ အချမ်းသာဆုံးလူ တစ်ယောက်ဖြစ်ဖို့ ဦးတည်ချက်ထားတာကို ဆိုလိုတာပါပဲ။ ဖြစ်ရုံဖြစ်ချင်တာ မျိုးကို မပြောပါဘူး။

ရိုးသားဖြောင့်မတ်မှုရှိဖို့ ဆိုတာကလည်း ကိုယ့်ကိုယ်ကို မှန်မှန်ကန်ကန် သစ္စာရှိပြီး ဦးတည်ချက်နှင့် တစ်ထပ်တည်းကျအောင် နေထိုင်လုပ်ကိုင်နိုင်တာကို ဆိုချင်ပါတယ်။ ကိုယ့်ကိုယ်ကို လိမ်လည်လှည့်စားရင်တော့ ကျဆုံးမှာပဲ။ တခြား လူတွေကိုလိမ်ရင်လည်း အရှုံးနှင့်ရင်ဆိုင်ရမှာ မုချပေါ့။

ဖြစ်နိုင်ခြေ ရှိရမယ်။ လက်လှမ်းမီရမယ်ဆိုတာလည်း ဒီအတိုင်းပါပဲ။ စည်းစိမ်ဥစ္စာ ပိုင်ဆိုင်မှုအကြောင်း ဘာတစ်ခုမျှ မသိရင်, စိတ်ဝင်တစားနှင့်လေ့လာ သင်ကြားတာ မရှိရင်, အရင်းအနှီးစုဆောင်းတာ မရှိသလို ချေးငှားနိုင်စွမ်းလည်း မရှိရင် ဦးတည်ချက်တစ်ခုကိုချမှတ်ပြီး တကယ်လက်တွေ့ တိုးတက်ဖွံ့ဖြိုးအောင် အကောင်အထည်ဖော်သူရယ်လို့ မပြောသာပြန်ပါဘူး။

ကိုယ်ရတာနှင့် ကျေနပ်ရဲ့လား။ စိတ်ချမ်းသာပျော်ရွှင်မှု ရရဲ့လား။ ဒါဆိုရင် တော့ မင်္ဂလာပါပဲ။ အခက်အခဲ ထပ်မတွေ့ဘူးဆိုရင် ရှေ့ဆက် လုပ်။ နိုးကြား တက်ကြွမှုနှင့် တတ်နိုင်သလောက် သွက်သွက်ကလေးပြေးစေချင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## သိုက်စာ ဥပဒေသ ၄

### ခေါင်းထဲမှာပဲ သိမ်းထား။

ခုဆိုရင် ခင်ဗျားဟာခရီးစဉ်အသစ်ကို ဦးတည်လမ်းကြောင်းအသစ်နှင့် သွားဖို့ အသင့်ဖြစ်နေပါပြီ။ ဒီအချက်ကို ခေါင်းထဲမှာပဲသိမ်းထားဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ ငွေကြေးအကြံပေးပုဂ္ဂိုလ်တွေနှင့် တိုင်ပင်ဆွေးနွေးရမယ့် အချိန်မျိုး ကြုံလာတတ်ပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ အသံမထွက်သင့်ပါဘူး။ ခုလိုပြောရတာ ခိုင်လုံတဲ့အကြောင်းတွေ အများကြီးရှိလို့ပါပဲ။

- တခြားလူတွေရဲ့အထင်အမြင် အယူအဆတွေက တစ်ခါတစ်ရံ ဆန့်ကျင်ဘက် အပျက်သဘောဆောင်တတ်တာမို့ ခင်ဗျား စိတ်ပျက်သွားနိုင်ပါတယ်။
- လူတကာလိုက်လုပ်ကုန်ကြရင် ခင်ဗျားအတွက် နေရာကျဉ်းသွားလိမ့်မယ်။
- ကိုယ့်အကြံဉာဏ်အကောင်းဆုံး အိုင်ဒီယာတွေအားလုံးကို စွန့်ပစ်ဖို့ မလိုတာက တစ်ကြောင်း။
- ခင်ဗျားလုပ်ငန်းအကြောင်း တခြားလူတွေက နောက်ကွယ်မှာ ဆွေးနွေးကြတာဟာ ခင်ဗျားအတွက် ကောင်းစရာမရှိနိုင်လို့။
- ခင်ဗျားရဲ့ တွေးပုံတွေးနည်းကို ဟောပြောတာ၊ သို့မဟုတ် တစ်မျိုးတစ်ဖုံ ပြောင်းလဲတင်ပြတာရယ်လို့ အထင်ခံချင်မှာ မဟုတ်ပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK

- များသောအားဖြင့် လူတွေက လူတစ်ယောက် ခေတ်မီတိုးတက်လာတာကို တကယ်တမ်း သိချင်မှ သိချင်ပါလိမ့်မယ်။ ခင်ဗျားအခြေအနေကို မေးရင် ရှည်ရှည်ဝေးဝေး အသေးစိတ် ရှင်းပြနေတာထက် 'ကောင်းပါတယ်' ဆိုတဲ့ စကားမျိုးနှင့်သာ တုံ့ပြန်လိုက်ပါ။
- လျှို့ဝှက်ချက်တစ်ခုထားတာဟာ ခင်ဗျားကို စိတ်နွေးထွေးပြီး ကျေနပ်မှု ပီတိတွေ ပေးပါလိမ့်မယ်။

မှန်တာပေါ့။ ကိုယ်က 'ဘာကြံထားတယ်။ ဘာလုပ်မယ်' ဖွင့်ပြောလိုက်ရင် ကိုယ့်ပတ်ဝန်းကျင်ကလူတွေ မနာလိုဖြစ်ကုန်ကြပြီး၊ ပျက်စီးရာ ပျက်စီးကြောင်း နည်းမျိုးစုံနှင့် လုပ်ကြတော့မှာပဲ။ ဒီနောက်တော့ သူတို့နှင့် ကွဲကြရုံပဲ ရှိတယ်။ ဒီလိုနှင့် နေထိုင်မှု ပုံစံဟောင်းကို စွန့်ခွာပြီး စားကျက်သစ် ရှာရပြန်ပါတယ်။ ဒါကြောင့် 'ကိုယ်လုပ်မည့် အကြံအစည်တွေကို ဖွင့်မပြောဘဲ လျှို့ထားပါလို့ ဆိုရတာပါ။

ပြီးတော့ ကိုယ် လေ့လာသင်ကြားစရာတွေ ဆက်လုပ်ပြီး သိုက်စာဥပဒေသတွေအတိုင်း လက်တွေ့ လေ့ကျင့်စေချင်ပါတယ်။ ဒါပေမယ့် ဒါကိုလည်း ဘယ်သူ့မှ အသိမပေးပါနှင့်။

စီးပွားချမ်းသာတယ်ဆိုတာ လျှို့လျှို့ဝှက်ဝှက် တစ်ယောက်တည်း ကျိတ်လုပ်ရတဲ့အလုပ် ဖြစ်ပါတယ်။ ဒါမှလည်း အနှောင့်အယှက် အများအယွင်းမရှိဘဲ အကောင်းဆုံး လုပ်နိုင်မှာပါ။


mgyoe.com

## သိုက်စာ ဥပဒေသ ၅

လူများစုက ချမ်းသာအောင်လုပ်ဖို့ ပျင်းကြတယ်။ မပျင်းနှင့်။

ချမ်းသာဖို့ ရည်မှန်းထားတဲ့လူဟာ စောစောအိပ်ရာထပြီး၊ အိပ်ရာဝင်ချိန်ထိ အလုပ်လုပ်ဖို့ လိုပါတယ်။

တစ်ခါတလေကျတော့လည်း 'ငွေ'ဆိုတာ ပဒေသာပင်က သီးတယ်လို့ ထင်ရတာကလား။ ဟုတ်တယ်လေ။ တချို့က ထီပေါက်ကြတယ်။ လောင်းကစားကရတယ်။ ကံစမ်းမဲ ပေါက်တယ်။ ကွယ်လွန်သူမိဘသားချင်းတွေရဲ့ အမွေအနှစ်တွေ ရုတ်တရက်ရတယ်။ တချို့လည်း တစ်ဟုန်ထိုး အောင်မြင်ကျော်ကြားမှုရပြီး ငွေထုပ်ကြီး ပိုက်မိကြတယ်။

ဒါပေမယ့် ခင်ဗျားကျတော့ အဲသလို ဖြစ်လာပါ့မလား။ သူတို့လို ကံကြမ္မာရဲ့ ထူးဆန်းအံ့ဖွယ်တွေလည်း ကြုံဖို့မလွယ်ဘူး။

ကိုယ့်မှာ ချမ်းသာကြွယ်ဝရေး ရည်မှန်းချက်ရှိထားမယ်ဆိုရင် ကံကောင်းချိန် စောင့်နေတာထက် ပိုသေချာတယ်။ အဓိပ္ပာယ်ရှိတယ်။ သို့မဟုတ်လို့ လူမစွမ်းနတ်မ ကံထရက်ကို မျှော်နေသူဆိုရင်တော့ ဒီစာအုပ်ကိုဘေးချပြီး ထီသာ ပြေးထိုးလိုက်ပါတယ်။ အဲဒါက စာအုပ်ဖတ်နေတာထက် ပိုပြီးလက်တွေ့ကျမယ် ထင်တာပဲလေ။

ဘာပဲပြောပြော၊ များသောအားဖြင့် လူတွေက ကြွယ်ဝချမ်းသာဖို့အရေး ဖင့်နွှေးပျင်းရိနေကြပါတယ်။

သူတို့က ချမ်းသာချင်တယ်။ ချမ်းသာအောင်တော့ မလုပ်ဘူး။ သူဌေးဖြစ်ချင်တယ်။ သူဌေးဖြစ်အောင် မကျင့်ဘူး။ အလှမ်းဝေးပေမယ့် သေချာတဲ့နည်းကို ကြိုးစားပမ်းစားမသုံးချင်ဘဲ၊ မသေမချာမရေမရာတဲ့ အလွယ်လမ်းကိုလိုက်ပြီး ကံစမ်းဖို့ပဲ စိတ်ထက်သန်ကြတယ် ဆိုရမှာပဲ။

mgyoe.com

သူတို့က အနစ်နာခံစွန့်စားရမှာ၊ လေ့လာသင်ကြားရမှာ၊ ဉာဏ်နှင့် ဝီရိယကိုအားထားပြီး ကြိုးစားရမှာ။ ခိုင်မာတဲ့ဆုံးဖြတ်ချက်နှင့် ဘဝကောင်းစားရေးကို တာစူပြီး အာရုံစိုက်ရမှာတွေကို မစဉ်းစားကြဘူး။ အရေးမထားကြဘူး။

အဲ့ဒီထဲက လူတော်တော်များများ (ခင်ဗျားတော့ မဟုတ်ဘူးနော်) ယုံကြည်ကြတာက 'ငွေဆိုတာ မကောင်းဆိုးဝါးဆန်တယ်။ အန္တရာယ်များတယ်' လို့ပါပဲ။

ဒါပေမယ့် လောဘ ရှိသင့်သလောက်ရှိပြီး ရိုးသားကြိုးစားမှုနှင့် ငွေရှာတာဟာ အပြစ် မဖြစ်လောက်ပါဘူး။ ကိုယ်နှင့် ထိုက်ထိုက်တန်တန် ရသင့်ရထိုက်တဲ့စည်းစိမ်ဥစ္စာကို ရှာဖွေတာဟာ တရားပါတယ်။

'ငွေ' ဆိုတာလည်း ရှာတတ်ရင် ရပါတယ်။ ရပေါက်ရလမ်းတွေလည်း တစ်ပုံ ကြီးပါပဲ။ အဲ- သူ့အလိုလို အလကားသက်သက်တော့ ခြေထောက်ပေါက်ပြီး ကိုယ့်အိတ်ထဲရောက်လာမှာ မဟုတ်ပါဘူး။ မတော်တဆ အမှတ်မထင် ငွေတွေပုံအောရတဲ့အဖြစ်မျိုးဟာ ရှားမှရှား။ ဒါမှမဟုတ် အိပ်မက်ထဲမှာပဲ ဖြစ်နိုင်တယ်။

စံထားလောက်တဲ့ ဘီလျံနာကြီးတွေကိုပဲ ကြည့်ပါ။ ဘီလ်ဂိတ်[၁]၊ ရစ်ချတ်ဘရန်ဆန်[၂]၊ အလန်ရှူးဂါး[၃]၊ ဝါရင်းဘတ်ဖက်[၄]၊ ဂေါ်ဒန်ရမ်ဆေး[၅]၊ ဂျိမ်းစ်ဒိုင်ဆန်[၆]။ ပြီးတော့ ချက်သမ္မတနိုင်ငံက ပီတာကဲလ်နာ[၇]။

သူတို့အားလုံးဟာ ကြံရည်ဖန်ရည်ဉာဏ်ရည်တွေ အပြည့်သုံးလို့ ဖွဲ့၊လုံ့လ၊ ဝီရိယတွေထုတ်ပြီး ကမ္ဘာကျော်သူကြွယ်ကြီးတွေ ဖြစ်ခဲ့ကြတာပါ။

ကွန်ပျူတာတွေ၊ အရောင်းအဝယ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အချက်အပြုတ်၊ မုန့်လုပ်ငန်း၊ ရုပ်ရှင်လောက၊ ခေတ်ပေါ်တေးဂီတ၊ ရေဒီယိုအသံလွှင့်ရုံစသဖြင့်တွေက ငွေတွေသောက်သောက်လဲ ဝင်ခဲ့ကြတာ ဆိုပါတော့။

သူတို့က ကျွန်တော့်ကို ဝေမျှပေးနိုင်တဲ့ အသိပညာတစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ <u>တစ်နေ့တာအချိန်ကို ကျွန်တော်တို့ တစ်လတာလုပ်တာထက် အကျိုးရှိအောင် အသုံးချခဲ့ကြတာပါ။</u>

၁-Bill Gates, ၂-Richard Branson, ၃-Alan Sugar ၄-Warren Buffett, ၅-Gordon Ramsay, ၆-James Dyson, ၇-Petr Kellner.

mgyoe.com

mgyoe.com SAMPLE BOOK

ချမ်းသာကြွယ်ဝမှုနှင့်ပတ်သက်လို့ အံ့သြစရာကောင်းတဲ့အချက်ကတော့ 'ဥပဒေသ ၁ အရ- 'ငွေတွေဟာ လူတိုင်းနှင့် ထိုက်တန်ပြီး အလျှံပယ်ရှိနေတယ်' ဆိုတာ သိဖို့ပါပဲ။ ငွေဆိုတာကလည်း စောစောအိပ်ရာထပြီး ကျားကုတ်ကျားခဲ လုပ်သူတွေကို ချစ်တာပဲလေ။

တစ်ခုတော့ ရှိတယ်။ ငွေက လူ့ပေါ်ကြော့, ရေသာခိုအချောင်သမားတွေ နားတော့ ကပ်ချင်မှာမဟုတ်ဘူး။ သူတို့လက်ထဲရောက်သွားရင်လည်း အနေးနှင့် အမြန် ပြန်ခုန်ထွက်ပြေးမှာပါပဲ။

အလုပ်ကြိုးစားတဲ့လူ, ကြည်ညိုလေးစားတဲ့လူ, သူ့ကို ဂရုစိုက်တဲ့လူ။ ရည်မှန်းချက်ကြီးမားတဲ့လူတွေနှင့် ငွေက ပိုပြီးထိုက်တန်ပါတယ်။ စင်စစ်တော့ ငွေချစ်သူတွေကို ငွေက ပြန်ချစ်မှာပါပဲ။ ငွေရှာတတ်ရင် ငွေရမယ်။ လိုချင် သလောက်ရမယ်။ ပျင်းနေလို့တော့ မရဘူးလေ။

mgyoe.com

## သိုက်စာ ဥပဒေသ ၆

## သင့်ရဲ့ငွေအပေါ် ယုံကြည်ချက်နှင့် ငွေ ဘယ်ကလာတယ်ဆိုတာတွေကို နားလည်ပါ။

ကျွန်တော်တို့အားလုံးဟာ ငွေအကြောင်းပြောတဲ့ ဒဏ္ဍာရီပုံပြင်တွေကြားမှာ ကြီးပြင်းခဲ့ကြရတာပါ။ ဒီပုံပြင်ဇာတ်လမ်း အများအပြားကို မိဘတွေဆီက ကြားရတာပေါ့။ ကျွန်တော့်အမေပြောနေကျ လက်သုံးစကားကတော့

"ပိုက်ဆံ ၁ ပြား စုမိတာဟာ ပိုက်ဆံ ၁ ပြား ရှာတွေ့တာပါ"

ဒီစကားကို ခုထက်ထိ ဘာကိုဆိုလိုမှန်း ကျွန်တော် မသိသေးပါဘူး။

တစ်ဖက်က ကြည့်ရင်လည်း ကျွန်တော် ကံကောင်း တယ်ဆိုရမယ်။

ကျွန်တော်သိထားတဲ့ ငွေဒဏ္ဍာရီပုံပြင်တွေဟာ အဓိပ္ပာယ်မဲ့တဲ့အပေါ်မှာ အခြေခံထားတယ်လို့ နားလည်ခဲ့လို့ပါပဲ။

- ငွေဟာ မကောင်းဆိုးဝါး ဒုစရိုက်မှုအားလုံးရဲ့ အရင်းအမြစ်ပဲ။
- ငွေက ညစ်ပတ်တယ်။
- ကျူပ် ချမ်းသာခြင်းနှင့် မထိုက်တန်ပါဘူး။
- ငွေဆိုတာ လောဘအိုးတွေနှင့် လူလိမ်လူကောက်တွေသာ ရအောင်လုပ်နိုင်တာ။
- ငွေဟာ အကျင့်ပျက်စေတယ်။
- ငွေနှင့်ပတ်သက်လို့ ထုတ်မကြွားပါနှင့်။ ကိုယ့်မှာ ဘယ်လောက်ရှိလို့ ဘယ်လောက်အဖိုးတန်တာတွေ ဝယ်ထားတယ် ဆိုတာမျိုး။
- မင်း လူချမ်းသာဖြစ်ဖို့ မလွယ်ဘူး။ စိတ်ချမ်းသာအောင် နေ။
- မင်း သူဌေးဖြစ်ရင် မိတ်ဆွေတွေ ဆုံးရှုံးသွားလိမ့်မယ်။

mgyoe.com

- မင်း သူဌေးဖြစ်ဖို့ အသည်းအသန် အလုပ်လုပ်ရမှာပဲ။
- ငွေနှင့်ပျော်ရွှင်မှုဟာ ခပ်ညှံ့ညှံ့ညအိပ်ဖော်တွေကို ဖန်တီးပေးတယ်။
- ငွေဆိုတာ ရလေလိုလေ အိုတစ္ဆေ။
- အကြောင်းတချို့ကြောင့် ဆင်းရဲတာက ပိုကောင်းသေးတယ်။
- ငါ မချမ်းသာချင်ဘူး။ ခုအတိုင်းနေရတာပဲ ကြိုက်တယ်။
- ငါ သူဌေးဖြစ်မယ့်လက္ခဏာ မပါပါဘူး။

ဒီအပေါ်က အကြောင်းပြချက်တွေကို အကြမ်းဖျင်းဖတ်လိုက်ပါ။ ဘယ်အချက်တွေကို ခင်ဗျား လက်ခံယုံကြည်သလဲဆိုတာ ပြန်ဆန်းစစ်။ ဘယ်အချက်က ခင်ဗျားကို ရိုက်ခတ်လိုက်ပါသလဲ။

ဘာပဲပြောပြော၊ ခု ခင်ဗျားအနေနှင့် ရှေးရိုးလမ်းစဉ်အတိုင်း အနည်းအကျဉ်းတော့ စွဲနေမှာပါပဲ။ တင်ပြခဲ့တဲ့အထဲမှာ ကျွန်တော် ကျန်ခဲ့တာတွေလည်း ရှိပါလိမ့်မယ်။

ကဲ- ဒီတော့ ခင်ဗျားလက်စွဲထားတဲ့အချက်တွေကို ဘာကြောင့် စွဲမှတ်ကျင့်သုံးပါသလဲ အဖြေရှာပါ။ အကြောင်းရင်းကို စဉ်းစားဖို့ လိုပါတယ်။ တခြားလေ့လာတွေ့ရှိချက် သုတေသနတွေကြောင့်လား။ မိဘဆွေမျိုးတွေဆီက အမွေခံခဲ့တာလား။ တချို့ ယုံကြည်မှုတွေကို စွန့်လွှတ်လိုက်သလား။ ဘဝတစ်လျှောက်လုံး လက်ခံကျင့်သုံးခဲ့သလား။

မေးခွန်းထုတ်လို့ရတဲ့ အဖြေတွေမှာ များသောအားဖြင့် အဓိပ္ပာယ်မရှိတာ၊ ယုတ္တိကင်းမဲ့နေတာတွေ တွေ့ရမှာပါ။ 'မမှန်ဘူး' ထင်တာတွေကို ပယ်ပစ်လိုက်ပါ။ ခင်ဗျားဘဝကို ကြီးစိုးပြီး အဟန့်အတားပြုခဲ့တာတွေ၊ နောက်မြီးဆွဲထားခဲ့တာတွေ၊ ငွေရှာချင်စိတ်ကို ပိတ်ပင်ခဲ့တာတွေကို စွန့်ပစ်လိုက်ပါ။

ဒီလို အဓိပ္ပာယ်မရှိတာတွေက ခင်ဗျားကို ဘာတွေ အကျိုးပေးခဲ့ပါသလဲ။ ဘယ်လိုမှ ကောင်းကျိုးမပေးခဲ့ဘူး မဟုတ်လား။ ဗလာကျတဲ့ ဖိုးသုညဘဝကိုပဲ တွန်းပို့ခဲ့တာပဲလေ။

ကောင်းပြီ။ အခု ယုံကြည်ချက်အသစ်တွေကို ချရေးလိုက်ပါတော့။

mgyoe.com

mgyoe.com SAMPLE BOOK

ငွေရှိရင် အားလုံး အဆင်ပြေ အိုကေ။
ငွေလိုချင်တာဟာ ကောင်းမှကောင်း အိုကေ။
ငါ လူချမ်းသာဖြစ်အောင် လုပ်မယ်။
ငွေရမယ့် အလုပ်တွေလုပ်ဖို့ ပြင်မယ်။

မှတ်ထားဖို့က သူဌေးသူကြွယ်ဆိုတဲ့ လူတန်းစားတွေကတော့ ကျွန်တော်တို့ ဆင်းရဲသားတွေကိုဒုက္ခပေးတဲ့ ငွေပုံပြင်တွေ တစ်ခုမှ ယုံကြည်လက်ကိုင်ထားတာ မရှိပါဘူး။ သူတို့က မှားယွင်းတဲ့ယုံကြည်ချက်တွေကို ခေါင်းထဲက ဖယ်ထုတ်ထားကြတာပါ။ ဒါမှမဟုတ် တစ်ခုမှအလေးခံပြီး ခေါင်းထဲ သွင်းထားတာ မဟုတ်ကြဘူး။

ကျွန်တော်တို့ကလည်း အစိပ္ပာယ်ကင်းမဲ့ပြီး အသုံးမကျတာတွေကို ရင်ထဲ, ခေါင်းထဲက ဖယ်ထုတ်ပစ်နိုင်မယ်ဆိုရင် သူတို့လို လူ့ချမ်းသာပဂေးကြီးတွေဖြစ်ဖို့ အခွင့်သာလာမှာ ဧကန်မုချ။


mgyoe.com

mgyoe.com

## သိုက်စာ ဥပဒေသ ၇

## ချမ်းသာကြွယ်ဝမှုသည် အကျိုးဆက်တစ်ခုသာဖြစ်ပြီး ဆုလာဘ်မဟုတ်ကြောင်း သဘောပေါက်နားလည်ခြင်း။

အလုပ်ကြိုးစားပြီး ငွေရှာတာဟာ ချမ်းသာဖို့ အခွင့်အရေးပိုကောင်းတာကို ငြင်းမယ့်လူ ရှိမှာမဟုတ်ပါဘူး။ ငွေရတယ်ဆိုတာလည်း လိမ္မာပါးနပ်စွာ စဉ်းစားတွေးခေါ်ပြီး အားသွန်ခွန်စိုက်လုပ်လို့ရတဲ့ အကျိုးပါပဲ။ ကိုယ်က အလုပ်ကောင်းတာ၊ ထူးထူးချွန်ချွန်တော်တာနှင့်အမျှ ငွေလည်း ပိုရတာပဲပေါ့။ ဒီလို ငွေ ရထိုက်၊ မရထိုက်နှင့်ပတ်သက်လို့ စစ်ဆေးဆုံးဖြတ်ပေးမယ့်ကော်မတီလည်း မရှိပါဘူး။ ငွေရမှုဟာ တိုက်ရိုက်အကျိုးဆက်သာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပိုက်ဆံရှိတဲ့လူတွေကို မကြာခဏဆိုသလို ကြည့်ပြီး သူတို့အနေနှင့် ပိုက်ဆံရပုံတွေကို အကဲခတ် တန်ဖိုးဖြတ်လေ့ ရှိပါတယ်။ စပ်မိလို့ 'ကာလ်ဗင်အေရီ[၁]' ဆိုတဲ့ အင်တာနက် ဘွတ်ကီဒိုင်တစ်ယောက်အကြောင်း ပြောချင်ပါတယ်။

သူက အွန်လိုင်းလောင်းကစားတွေလုပ်ပြီး အကြီးအကျယ်ချမ်းသာလာတဲ့ သူပါ။ သူ့မှာ အမေရိကန်တစ်နိုင်ငံတည်းမှာတင် ဖောက်သည် ၁၆ သန်းနီးပါး ရှိတယ် ဆိုပဲ။ ဒီတော့လည်း တရားရေးဌာနက မကြည်တော့ဘဲ သူ့ကို ပိတ်ပစ်ဖို့ ကြံရတော့တာပေါ့။ အေရီဟာ အမေရိကန်နိုင်ငံသားမဟုတ်သလို၊ အမေရိကန်မှာ အခြေချနေထိုင်သူလည်း မဟုတ်ပါဘူး။ သူက ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ချိုးဖောက်ခဲ့တာမှန်ပေမယ့် နိုင်ငံတွင်းမှာနေပြီး ရာဇဝတ်မှုကျူးလွန်ရာ မရောက်ခဲ့ပြန်ပါဘူး။

၁- Calvin Ayre


mgyoe.com

 mgyoe.com SAMPLE BOOK 

ဒီနေရာမှာ မှားတာကတော့ လောင်းကစားလုပ်တာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်၊ သူငွေတွေတစ်ပုံကြီးရတာဟာ အပတ်တကုတ် ဉာဏ်ကစားလုပ်ဆောင်ခဲ့တဲ့ ရလဒ်ပဲ မဟုတ်ပါလား။

တလောက တီဗီအစီအစဉ်တစ်ခုမှာ သူဌေးကားတွေ ရေဆေးပြီး အရောင်တင်တဲ့လူတစ်ယောက်အကြောင်း ကြည့်လိုက်ရပါတယ်။ သူက ကားရေဆေးခ ပေါင် ၅၀၀၀ ယူတာပါ။ အရောင်တင်ခပါ ပါတယ်လေ။ ကဲ- ဒါဟာ ဆုလာဘ်လား၊ အကျိုးရလဒ်လား။

ကျွန်တော်ကတော့ ဆုလာဘ်လို့ မထင်ပါဘူး။ သူက တန်ရာတန်ကြေး ဆိုပြီး တန်ဖိုးဖြတ်ထားသလို ကားပိုင်ရှင်တွေကလည်း ကြည်ကြည်ဖြူဖြူပေး ကြတာပဲ။ ဘာကြောင့်ဆို သူဟာ ကမ္ဘာပေါ်မှာ အတော်ဆုံး ကားရေဆေးသမား ဖြစ်လို့ပါပဲ။ တစ်နည်းအားဖြင့် သူ့လုပ်ငန်းအပေါ်မှာထားရှိတဲ့ အိုင်ဒီယာ၊ ကျွမ်းကျင်မှုပညာ၊ ကြိုးစားအားထုတ်မှုတွေကြောင့် သူမတူအောင် ဈေးကောင်းကြေး ကောင်းရတဲ့ အကျိုးကျေးဇူးခံစားရတာပဲ မဟုတ်ပါလား။

mgyoe.com

mgyoe.com
SAMPLE BOOK


## သိုက်စာ ဥပဒေသ ၅

# ချမ်းသာကြွယ်ဝမှုကို မိတ်ဆွေတစ်ယောက်လို့ မြင်ပါ။ ရန်သူလို့ မထင်ပါနှင့်။

ကျွန်တော်တို့ဟာ ငွေကို မရှိမဖြစ် ကိုင်တွယ်သုံးစွဲကြရပါတယ်။ ဘဏ်စာရင်းဖွင့်ကြတယ်။ ခရက်ဒစ်ကတ်တွေ ဆောင်ကြတယ်။ အလုံးအရင်းချေးငွေတွေ, ဘဏ်ကြွေးတွေ ခံကြတယ်။ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝမှာ ငွေနှင့်စပ်လျဉ်းတဲ့ ဇာတ်လမ်းအမျိုးမျိုးနှင့် ကြုံဆုံရတယ်။ ကျွန်တော်တို့အားလုံးဟာ ငွေကို ပိုပိုလိုအပ်သလို လိုချင်လာကြရတာပါ။ ဒီတော့ ပြဿနာက ဘာလဲ။

ပြဿနာက ကျွန်တော်တို့ခေါင်းထဲမှာရှိတာတွေနှင့် လုံးဝသက်ဆိုင်နေပါတယ်။ ခင်ဗျားလိုပဲ ကျွန်တော်လည်း ငွေ ကိုင်ရတယ်။ သုံးတယ်။ စုဆောင်းတယ်။ လုံလုံလောက်လောက်ပိုရှိပြီး ပိုပျော်ရွှင်ချင်တယ်။

ဒီတော့ ဒီအကြောင်းတွေကို ခင်ဗျားကို ရေးမပြခင် ကျွန်တော့်ကိုယ်တိုင်ရဲ့ ငွေနှင့်ပတ်သက်ပြီး သိထားတဲ့ အသိအမြင်တွေ, လှုပ်ရှားမှုတွေကို အလေးအနက် ပြန်လှန်ဆန်းစစ် တင်ပြချင်ပါတယ်။

ကျွန်တော်ဟာ 'ငွေဆိုတာ ကောင်းတယ်, ဆိုးတယ်'လို့ မသတ်မှတ်ခဲ့သလို မိတ်ဆွေလား, ရန်သူလားလည်း မခွဲခြားခဲ့ပါဘူး။ 'မကောင်းဆိုးဝါး မိစ္ဆာရယ်' လို့လည်း မယုံကြည်ခဲ့ပါဘူး။

ငွေမရှိရင်တော့ ဘဝဟာ အစိတ်စိတ်အမွှာမွှာ ကြေမွသွားမှာပဲ။ ငွေက ကျွန်တော့်တို့အားလုံးရဲ့ဘဝကို အဆင်ပြေချောမွေ့အောင်လုပ်ပေးတဲ့ စက်ဆီ, ချောဆီပါပဲ။ ကျွန်တော်တို့အတွက် ကောင်းကောင်းဆိုးဆိုး မှားမှားမှန်မှန် ရန်သူ, မိတ်ဆွေ ခွဲခြားစရာမလိုဘဲ လက်တွဲသွားရမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကဲ- ကျေးဇူးပြုပြီး ကျွန်တော့်နောက်က လိုက်ရွတ်ပါ။

'ငွေဟာ အလွန်ကောင်း။

ငွေဟာ ကြီးကျယ်မြင့်မြတ်။

ငွေဟာ မရှိမဖြစ်လိုအပ်။

ငွေရှိရင် အားလုံး အိုကေ။

ငွေဟာ ငါ့မိတ်ဆွေ၊ ငါ့ရန်သူ မဟုတ်။'

ဒီဂါထာကို လှိုက်လှိုက်လှဲလှဲနှင့် ထပ်တလဲလဲ ရွတ်နေပါ။

ခင်ဗျားမိသားစုတွေနှင့် မိတ်ဆွေအပေါင်းအသင်းတွေကပါ စိတ်ဝင်စားလာပါလိမ့်မယ်။

ငွေကို ရန်မူဖို့နှင့် ငွေရတဲ့အခါ စိတ်ကသိကအောက်ဖြစ်ဖို့တော့ မသင်လိုက်ပါနှင့်။

ကုန်ကုန်ပြောရရင် ငွေရှာတာ၊ ချမ်းသာရေးရှေ့ရှုပြီး လုပ်ဆောင်တာတွေဟာ နိုင်ငံရေးနှင့် မဆိုင်ပါဘူး။ လက်ဝဲသမားပဲဖြစ်ဖြစ်၊ လက်ယာစွန်းပဲဆိုဆို အရေးကြီးတာ မှတ်လို့။ ဗြိတိန်နိုင်ငံမှာ အချမ်းသာဆုံးစာရင်းဝင် လော့ဒ်စိန့်ဗျူရီ[၁] ဟာ လေဘာ[၂]ဝန်ကြီးတစ်ဦးပါပဲ။ သမ္မာအာဇီဝနှင့်ရှာဖွေပြီး ပိုက်ဆံရှိတာဟာ ဂုဏ်သိက္ခာထိခိုက်မှာ မဟုတ်ပါဘူး။

ငွေရှိတာကြောင့် ကိုယ်ကျင့်သီလနှင့် ကံတရားကို လျှော့ပါးမသွားစေသလို၊ အနာဂတ်ဘဝကိုလည်း အနှောင့်အယှက်မပြုနိုင်ပါဘူး။

ကျွန်တော် အာမခံပါတယ်။ ငွေအတွက်တော့ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှ လုပ်ရမှာပါပဲ။ ဒါပေမယ့် ငွေဟာ အစဉ်အဆက် မိတ်ဆွေပဲဖြစ်ပြီး၊ ရန်သူ မဟုတ်တာတော့ နားလည်ယုံကြည်ထားလိုက်ပါ။

၁-Lord Sainbury. ၂-လေဘာပါတီ။ လက်ဝဲဆန်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## သိုက်စာ ဥပဒေသ ၉

### ဘာလုပ်ဖို့ ငွေလိုချင်တာလဲ ဆုံးဖြတ်ပါ။

ဦးတည်ချက်ချမှတ်ရာမှာ ဒါဟာ နားလည်သဘောပေါက်ရမယ့် အပိုင်းပါပဲ။ ဒီနေရာမှာ အဖြေက မှားတာ၊ မှန်တာရယ်လို့ မရှိပါဘူး။ ဥပမာ–ငွေတွေပုံအောရပြီး ကိုကင်းလို မူးယစ်ဆေးတွေအတွက် သုံးဖြုန်းပစ်လိုက်မယ်ဆိုရင်တော့ လူမိုက် ဖြစ်သွားမှာပေါ့။ ဒါပေမယ့် အဲဒါက ကိုယ်ရေးကိုယ်တာကိစ္စပါ။

မိုင်းတွင်း တူးရာကလည်း ပြဿနာတက်ပြီး ငွေတွေ ကုန်သွားနိုင်တယ်။ ဘာပဲဖြစ်ဖြစ်၊ ကိုယ်ကျေနပ်အားရ ပျော်ရွှင်မယ်ထင်တာမှန်သမျှ ငွေကိုသုံးကြတာပဲလေ။ ကိုယ်ပျော်ရွှင်ဝမ်းသာဖို့အတွက် ကြိုက်ရာသန်ရာ ရွေးချယ်ကြတယ်ဆိုပါတော့။

ကိုင်း– ခင်ဗျားကော ဘာကြောင့် ငွေလိုချင်နေတာလဲ။ ဘာကြောင့် ချမ်းသာချင်သလဲ။ အဖြေတွေဟာ ခင်ဗျားစွဲမှတ်ထားရာက ရင်ထဲအောင်းနေတဲ့ ငွေပုံပြင်တွေကို အန်ထုတ်ပြီး ငွေအပေါ် တကယ်တမ်းမြင်တဲ့အမြင်ကို လှစ်ပြလိုက်ပါလိမ့်မယ်။

တစ်ခါတလေတော့လည်း အလွန့်ကို ရိုးရိုးရှင်းရှင်းလေးပါ။ ကျွန်တော်တို့မှာ အိပ်မက်တစ်ခုရှိပြီး၊ ဒီအိပ်မက်ကိုဖြည့်ဆည်းဖို့၊ အကောင်အထည်ဖော်ဖို့ ငွေလိုအပ်တာမျိုး။ 'အိပ်မက်' ဆိုတာက အရင်ဆုံး လာတာပေါ့။

ဂျာရယ်ဒါးရဲလ်[၁]ဆိုရင် ချာတိတ်ဘဝကတည်းက တိရစ္ဆာန်ရုံ တစ်ရုံထောင်ချင်တာနှင့် ဘက်ဆဲလားစာအုပ် ၃၆ အုပ် ရေးခဲ့ပါတယ်။ ဂျာစီကျွန်းပေါ်မှာရေးတဲ့ ဒီစာအုပ်တွေက သူ့တိရစ္ဆာန်ရုံအတွက် ရန်ပုံငွေစုရာမှာ အထောက်အကူပြုခဲ့ပါသတဲ့။

၁–Gerald Durrel


mgyoe.com

mgyoe.com SAMPLE BOOK

ဒါဖြင့် ခင်ဗျားရဲ့ အိပ်မက်ကကော။

သိပ်ရိုးနေလို့တော့ မဖြစ်ဘူးနော်။

ကျွန်တော်နှင့်ရင်းနှီးတဲ့ အမျိုးသမီးတစ်ယောက်ကို 'တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လက်ရှိအခြေအနေထက် ချမ်းသာကြွယ်ဝတဲ့ဘဝကို ဘာကြောင့်လိုချင်သလဲ' လို့ မေးမိပါတယ်။

အပွင့်လင်းဆုံး သူ့အဖြေကတော့ 'သူ့သားသမီးတွေကို ခုထက် ပိုပြီး စောင့်ရှောက်ပြုစုနိုင်အောင်ပါ' တဲ့။ 'ဒါမှလည်း သူတို့ကအိမ်မှာ မခွဲမခွာနေသွားကြမှာ' တဲ့။ 'သူတို့အိမ်မှာပဲ နေကြမယ်ဆိုရင် သူ အိုမင်းမစွမ်းဖြစ်တဲ့အချိန်မှာ အထီးကျန် မဖြစ်တော့ဘူးပေါ့' တဲ့။ ဒီတော့ သူချမ်းသာချင်တဲ့ရည်ရွယ်ချက်က ဇရာဒုက္ခ မခံစားရရေးသက်သက်။

နောက် အသိတစ်ယောက်ကတော့လည်း 'သူ ချမ်းသာချင်တယ်။ ချမ်းသာမှ စွန့်စားခန်းတွေ ထွက်လုပ်လို့ရမယ်' ဆိုပဲ။ စင်စစ်တော့ သူ့ဘဝမှာ အဖိနှိပ်ခံရတာတွေများလာတော့ စွန့်စားမှုတွေဆိုတာ သူ့ငယ်ရွယ်နုပျိုမှုကို ပြန်တမ်းတပြီး လွတ်လွတ်လပ်လပ်နှင့် တစ်ကိုယ်တော်ဖြစ်ချင်လို့ ရှောင်ပြေးတဲ့သဘောပါပဲ။

ဒီလူ ၂ ယောက်အတွက် ငွေဟာ တကယ့်အဖြေ ဟုတ်ပါ့မလား။ ခင်ဗျားအဖို့ကော ဘယ်လိုလဲ။

ကျိုကျိုတက်ချမ်းသာချင်တဲ့အကြောင်းကို သိပြီဆိုရင် သင့်လိုအပ်ချက်တွေပြည့်ဝစေမယ့် နည်းလမ်းမျိုးစုံကို စဉ်းစားရတော့မှာပါပဲ။

ကျွန်တော် ချမ်းသာကြွယ်ဝချင်တာက 'ကိုယ့်မိသားစုဝင်တွေ လိုအပ်မယ့်ကျန်းမာရေးဆေးကုသစရိတ်ပေးနိုင်ဖို့ တစ်ကြောင်းအပါအဝင် ဖြစ်ပါတယ်။ ဒီအတွက် စိတ်ချရတဲ့ ကျန်းမာရေးအာမခံကုမ္ပဏီမှာ ထည့်ဝင်ရင်းနှီးမြှုပ်နှံမှု လုပ်ခဲ့တာပါ။

ဒါနှင့်အမျှ အပိုငွေကုန်တဲ့, မလိုအပ်တဲ့ ကိစ္စတွေကိုလည်း စဉ်းစားသင့်ပါတယ်။ ကျွန်တော်ဆိုရင်လည်း ကား, မော်တော်ဘုတ် စတဲ့ လူကြီးကစားစရာ


mgyoe.com

mgyoe.com
SAMPLE BOOK


တွေကို မက်မောသူတစ်ယောက်ပါပဲ။ ဒါပေမယ့် အဲ့ဒီပစ္စည်းတွေမှာ ရင်းနှီးမြှုပ်နှံလိုက်ရင် ကျွန်တော့်ဝင်ငွေ တိုးမလာတဲ့အပြင် ထိခိုက်သွားမယ်လို့တောင် သိရှိခဲ့ပါတယ်။ ဒါတောင် ဝါသနာကိုဖျောက်မရတော့ ဈေးချိုတဲ့ ပြိုင်ကားအဟောင်းတွေနှင့် မော်တော်ဘုတ်အဟောင်းတွေကို နှစ်ခြိုက်နေတုန်း။ ကျွန်တော့်ရဲ့အင်အားက အသစ်တွေကို လုံးခနဲ ခဲခနဲပေးဝယ်ဖို့ မတတ်နိုင်ပါဘူး။ ဒီတော့ ကားနှင့်မော်တော်ဘုတ်အသစ်တွေဝယ်ဖို့ ငွေအပို မလိုတော့ပါဘူး။

ခင်ဗျားအနေနှင့်ကော စဉ်းစားထားသလောက် တကယ်ရော လိုအပ်ရဲ့လား။ ‘လိုအပ်တယ်’ဆိုရင်လည်း ဟုတ်ပါ့မလား။ သေချာဆန်းစစ်ပြီး အဖြေ ထုတ်ရမှာပဲပေါ့။

ဒါဆိုရင် ခင်ဗျားက ဘာအကြောင်းပြချက်ပေးမလဲ။ ငွေ ဘာကြောင့်လိုသလဲ။

မိတ်ဆွေ- ကိုယ်ပိုင်အစီအစဉ်ချပြီး ရင်ထဲမှာ သိမ်းထားပါ။ တကယ်လို့စာနှင့် ရေးမှတ်ထားနိုင်ရင် ပိုကောင်းတယ်။ ပိုပြီး သေချာသွားတာပေါ့။ ပြီးတော့ ဒီစာကို လုံလုံခြုံခြုံ လျှို့ဝှက်ထားပါ။ တစ်ချိန်ကျရင် ပြန်ကြည့်ရမယ့် အသုံးဝင်တဲ့လေ့ကျင့်ခန်း ဖြစ်လာနိုင်သလို၊ ခင်ဗျားအိပ်မက်တွေနှင့် လက်တွေ့အကောင်အထည်ပေါ်လာတာ ကိုက်ညီရဲ့လားဆိုတာ သိရတာပေါ့။


mgyoe.com

သိုက်စာ ဥပဒေသ ၁၀

## ငွေက ငွေတွေများလာအောင် အပွားခတ်တယ်။

'ငွေက ငွေကို ခေါ်ပေးတယ်။ ငွေငွေချင်း ဆွဲဆောင်တယ်။ ငွေရှိရာ ငွေလာတယ်' ဆိုတဲ့ စကားတွေဟာ အလကားမဟုတ်ပါဘူး။ အတွေ့အကြုံရင့်တဲ့ လူကြီးသူမတွေက ပြောစမှတ်ပြုခဲ့တဲ့ အမှန်တရားတွေပါ။

'ငွေ'ဆိုတာ ယုန်လေးတွေလိုပဲ တိတ်တဆိတ်နှင့် အလျင်အမြန် စုဝေးတတ်ကြတဲ့သဘာဝ ရှိတယ်။ ဧရာမအုပ်သင်းဖွဲ့ နေရတာကို နှစ်သက်ကြတယ်။ ငွေဖြစ်အောင် ငွေက လုပ်ပေးလေတော့ ရှိပြီးသားလူက ပိုရှိပြီး၊ ချမ်းသာတဲ့လူက ထပ်ချမ်းသာသလို ဆင်းရဲတဲ့လူက ပိုမွဲတာ မဆန်းလှပါဘူး။

ဟုတ်တယ်။ ဒါ ဘဝပဲ။ ဝမ်းနည်းစရာကောင်းတာနှင့်အမျှ ဝမ်းသာစရာကောင်းအောင် ငွေက ဖန်တီးနိုင်တယ်ဆိုပါတော့။

မိမိတို့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယအလျောက် ငွေပေါ်များကြတဲ့လူတွေရှိနေတာနှင့် တစ်ချိန်တည်းမှာ၊ ငွေမရှိလို့ သောကရောက်နေရပြီး ပြဿနာတွေဆိုက်နေတဲ့လူတွေလည်း နည်းပါ့မလား။

ခုလိုဖြစ်ရတာ အားလုံးဟာ ကာယံရှင်အပေါ်မှာပဲ လုံးဝ မူတည်ပါတယ်။ တစ်နည်း ကိုယ့်ကိုယ်ကို ချမ်းသာအောင်လုပ်နိုင်တာလည်းလူ၊ ဆင်းရဲအောင်လုပ်တာလည်း လူပါ။

အရေးကြီးတာကတော့ ကိုယ်စွမ်းကိုယ်စနှင့် ငွေရအောင်ရှာပြီး ရလာတဲ့ ငွေကို အသုံးချတတ်ဖို့ပဲပေါ့။ ငွေကို အကျိုးရှိရှိ သုံးတတ်မယ်ဆိုရင်၊ ဉာဏ်ပါပါနှင့်သုံးပြီဆိုရင် ကံမကောင်းအကြောင်းမလှစရာ မရှိပါဘူး။

ငွေတချို့တစ်ဝက်ရလာတာနှင့် ဘယ်လိုပွားများအောင် လုပ်ရမလဲဆိုတာလည်း အလေးအနက် တွေးစရာရှိပါရဲ့။ ကျွန်တော့်သဘောတော့ 'တိုးရင်းပေါင်း'


mgyoe.com

ဆိုတဲ့ဝေါဟာရကို တတ်နိုင်သလောက် အမြန်ဆုံး လေ့လာသင်ယူ နားလည်ထားစေချင်ပါတယ်။ ဒီအချက်က ‘ချမ်းသာကြွယ်ဝမှုရဲ့ ကျောရိုးမဏ္ဍိုင်’ဆိုတာ သိပြီးသားဆိုရင်တော့ အထူးပြောစရာလိုမယ် မထင်ပါဘူး။

ကျွန်တော် စူးစမ်းတွေ့ရှိထားတာကတော့ လူချမ်းသာခေါ်လောက်တဲ့ သူဌေးသူကြွယ်ကြီးတွေဟာ ‘တိုးရင်းပေါင်း’ဆိုတဲ့ အိုင်ဒီယာကို ကောင်းကောင်း လက်ကိုင်ထားပြီး၊ ကျန်တဲ့ ကျွန်တော်တို့ကသာ မသိခဲ့ကြတာပါပဲ။ ‘သိတယ်’ ဆိုတဲ့ တိုင်အောင်လည်း အကြောင်းကြောင်းကြောင့် လက်တွေ့အသုံးမချဖြစ်ကြတာ တွေ့ရပါတယ်။

ရသမျှအိတ်သွန်ဖာမှောက် သုံးပစ်လိုက်မယ်ဆိုရင်တော့ အခု ဥပဒေသဟာ ခင်ဗျားအတွက် အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ ငွေကိုမခိုင်းတတ်ရင် ငွေက အလုပ်လုပ်ပေးမှာမဟုတ်ဘူး။ ပျိုးထောင်ပြုစုဖို့ ရည်ရွယ်ချက်နှင့် ငွေတွေကို သတ်သတ်ဖယ်ထားဖို့ လိုပါတယ်။ ယုန်ခြံထဲဝင်ပြီး ယုန်အားလုံးကို သတ်စားလိုက်ရင်တော့ ယုန်မျိုးပြုတ်လို့ နောက် စားစရာကျန်တော့မှာ မဟုတ်ဘူးပေါ့။

ခုလည်း ခင်ဗျားဟာ ငွေခြံတစ်ခြံ အစပျိုးရပါလိမ့်မယ်။ ခင်ဗျားငွေတွေက ခင်ဗျားကို ပြန်ကျွေးမှာပါ။ ရတဲ့အထဲက တချို့ကိုစား၊ တချို့ကို ရင်းနှီးမြှုပ်နှံမှု ပြန်လုပ်၊ ငွေခြံထဲပြန်ထည့်။ အကုန်လုံး သုံးဖြုန်းပစ်လိုက်မယ်ဆိုရင်တော့ ငတ်ကိန်းဆိုက်မှာ သေချာတယ်။

ကြည့်။ ဒီကိစ္စက ဒုံးပျံလွှတ်တဲ့သိပ္ပံပညာ မဟုတ်ပါဘူး။ ဒါပေမယ့် လူတွေမလုပ်နိုင်တာတော့ တကယ့်ကို အံ့သြဖို့ကောင်းလှပါတယ်။ ဘာပဲဖြစ်ဖြစ် အခု ခင်ဗျား လုပ်နိုင်ပါပြီ။ ခင်ဗျားကို ကျွန်တော်အကောင်းဆုံး အကြံဉာဏ်တွေ ပေးနိုင်ပါတယ်။

- ငွေအပွားခတ်ဖို့ ရည်ရွယ်ချက်အတွက် ငွေတချို့ကို ဘေးဖယ် စုဆောင်းထားပါ။
- အသုံးအဖြုန်း နည်းနည်းလျှော့ပါ။
- စီးပွားရေးအရ အစုရှယ်ယာတွေ ပြန်ရင်းနှီးမြှုပ်နှံပါ။
- ဘယ်သူ့မျှမပြောဘဲ ရင်ထဲမှာပဲ သိမ်းထား။

mgyoe.com

သိုက်စာ ဥပဒေသ ၁၁

## ငွေကို ဖြေရှင်းပေးမယ့်လက်နက်အဖြစ် မြင်တာဟာ ပြဿနာကို လက်ယပ်ခေါ်တာပဲ။

ငွေရှိတာဟာ လူမှုဆက်ဆံရေးအားလုံး ချောမွေ့အဆင်ပြေသွားအောင် လုပ်မပေးနိုင်ပါဘူး။ လုပ်ပေးနိုင်ရင်လည်း ရေရှည်တော့ ဘယ်ဟုတ်ပါ့မလဲ။ ငွေက ခင်ဗျားကို ခေါင်းခဲရမယ့်ရောဂါက အကာအကွယ်ပေးနိုင်မယ်လည်း မထင်ပါနဲ့။ ရောဂါဖြစ်လာရင် သက်သာအောင်လုပ်ပေးမယ့် ဖြေဆေးကို ဝယ်ပေးနိုင်ပေမယ့် ရောဂါကိုတော့ ကြိုတင်အကာအကွယ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ငွေနဲ့ ပိုကောင်းတဲ့ဓာတ်စာတွေ ဝယ်စားလို့ ရချင်ရမယ်။ နေသာအောင်, သက်သာအောင် လုပ်ပေးလို့ ရချင်ရမယ်။

ကမ္ဘာပေါ်က သူဌေးကြီးတွေ တစ်ဝက်လောက်ဟာ ငွေတွေ လိုသလိုသုံးနိုင်အောင် ချမ်းသာကြတဲ့တိုင်အောင်၊ ကျန်းမာရေးညံ့ဖျင်းနေကြရတာကိုထောက်ရင် ငွေက မစွမ်းနိုင်တာ တွေ့ရလိမ့်မယ်။ ငွေက အသက်ရှင်မပေးနိုင်တာတော့ အထင်အရှားပါပဲ။

ငွေကို ဖြေရှင်းရေးလက်နက်လို့ ရှုမြင်ရင် မှားသွားပါလိမ့်မယ်။ ငွေက အရာရာတိုင်းကို စွမ်းဆောင်ရယူပေးနိုင်တာ မဟုတ်ပါဘူး။

ခင်ဗျား ခုလိုတွေးမှာလည်း ကျွန်တော် သိပါတယ်။

''ကျွန်တော့်မှာ ပိုက်ဆံအတော်များများသာရှိရင် ပြဿနာကို ဖြေရှင်းနိုင်မှာပါ''လို့။

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်စင်စစ် ငွေက ခင်ဗျားကို ပိုပျော်ရွှင်အောင်, လှုပုံအလယ်မှာ မျက်နှာပွင့်လန်းအောင်တော့ လုပ်ပေးနိုင်မှာပါ။ ဒါပေမယ့် စိတ်ရဲ့ငြိမ်းအေးမှုကို အဆုံးစွန်သောအားဖြင့် အဓိပ္ပာယ်ရှိရှိနှင့် ပေးနိုင်စွမ်းမရှိပါဘူး။

သက်သေသာဓကအနေနှင့် အလျှံပယ်ဆိုရမလောက် ပေါကြွယ်ချမ်းသာပြီး၊ မပျော်နိုင်မရွှင်နိုင်တဲ့လူတွေ, မိတ်ဆွေအပေါင်းအသင်းကင်းမဲ့နေသူတွေ အများကြီးရှိတာ တွေ့ဖူးမှာပါ။

ကျွန်တော်ကတော့ ပြဿနာတွေကိုကုစားဖို့ အရင်ကြိုးစားဖို့လိုပြီး ဒီနောက်မှ ဒီကုသမှုအတွက် ငွေရမယ့်နည်းလမ်းကို ရှာကြံတာ ပိုသင့်တော်မယ်လို့ ယူဆမိပါတယ်။

ပိုက်ဆံဟာ ဘယ်တော့မှ 'ဆေး'မဖြစ်နိုင်ပါဘူး။

ပိုက်ဆံဆိုတာ ဘီးတွေကို ချောမွတ်အောင်သာလည်စေနိုင်ပြီး၊ အင်ဂျင်ကိုတော့ မနှိုးနိုင်သလိုပါပဲ။

mgyoe.com

## သိုက်စာ ဥပဒေသ ၁၂

**သင့်အနေနှင့် ငွေအမြောက်အမြားရှာနိုင်တယ်။**
**သင့်အလုပ်ကို သင် ပျော်နိုင်တယ်။**
**ဒါဆို ည အိပ်ရေးဝဝ အိပ်နိုင်မယ်။**

လူအတော်များများမှာ အောက်ပါထင်မြင်ချက်တွေ တစ်ခုမဟုတ် တစ်ခု၊ ဒါမှမဟုတ် အားလုံးလိုလို စွဲကိုင်ထားကြတာကလား။

- 'ငွေရှာတယ်ဆိုတာ လက်ဝါးကြီးအုပ် အရင်းရှင်တွေ၊ ကိုယ်ကျင့်တရားပျက်သူတွေ၊ လောဘအိုးတွေလက်ထဲမှာပဲ လက်ပြောင်းလက်လွှဲ လုပ်နေတာပါ။'
- 'ငွေအထိုက်အလျောက်ရဖို့ ကိုယ့် သီလသမာဓိ၊ ကိုယ့် မျိုးရိုးဂုဏ်နှင့် အခြေခံစောင့်ထိန်းမှုတွေကို ရောင်းပစ်ရတယ်။'
- 'လူချမ်းသာဘဝဟာ ရင်နာစရာပြဿနာတွေနှင့် အဆုံးသတ်ရပြီး၊ တခြားစိတ်ဖိစီးမှုနှယ်တဲ့ ကမောက်ကမဖြစ်မှုတွေနှင့် ရင်ဆိုင်ရတာပဲ။'
- 'ငွေရအောင်လုပ်ရေးဟာ မိသားစုရဲ့အကျင့်သိက္ခာနှင့် ပျော်ရွှင်မှုတွေကို စတေးပစ်ပြီး၊ ရှုံ့လုံးဘဝ ပြောင်းသွားရတာနှင့် မခြားပါဘူး။'

ခင်ဗျား ဒီစကားတွေကို အတည်မှတ်မလား။

ဒါပေမယ့် အဲသလို ဖြစ်စရာလည်း မလိုဘူး။ အဲသလောက်လည်း မဖြစ်သင့်ပါဘူး။

ဒီအယူအဆတွေထဲမှာ အလှအပတွေ ရှိနေတာပါပဲ။

လူတွေပြောတဲ့အတိုင်း ဖြစ်နေပြီဆိုရင်လည်း၊ 'ခင်ဗျားလုပ်ရပ်တွေ မှားနေလို့သာ'လို့ ဆိုရပါမယ်။

mgyoe.com

သိတဲ့အတိုင်းပဲ၊ ငွေဆိုတာ ဘယ်သူမဆို လွတ်လွတ်ကျွတ်ကျွတ်ဆွတ်ယူနိုင်တာပါ။ ဒါကို 'ဥပဒေသ ၁' မှာ ပြဆိုခဲ့ပြီးသား။ ဒါနှင့်အမျှ အသည်းအသန် အပြင်းအထန် ကြိုးစားရှာစရာမလိုဘဲ ရနိုင်တဲ့နည်းတွေလည်း ရှိနေပါတယ်။

လူသာမန်တွေရော လူ့သူတော်ကောင်းတွေပါ ငွေရအောင်လုပ်နိုင်ပြီး အများကြီးလည်း ရှာနိုင်တာပါပဲ။ ရှေးရိုးဒီဗိုင်းအုရ ဣန္ဒြေကြီးတစ်ခွဲသားနှင့် ဆေးပြင်းလိပ်ကြီးခဲထားတဲ့ ကုမ္ပဏီသူဌေးကြီးက ဖုန်းထဲမှာ အမိန့်တွေအမျိုးမျိုး ပေးနေရင်းက ကလိမ်ကကျစ်ကျတဲ့ သင်္ဘောအရောင်းအဝယ်စာချုပ်တစ်ခုကို လက်မှတ်ထိုးနေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တာပေါ့။

ဘာပဲဖြစ်ဖြစ်၊ ရိုးရိုးသားသားအလုပ်ကို နှစ်နှစ်ခြိုက်ခြိုက် ပျော်ပျော်မွေ့မွေ့ လုပ်ပြီး ငွေရှာတဲ့လူကတော့ ညမှာ ကောင်းကောင်းကြီးအိပ်ပျော်မှာ မုချပါပဲ။

ကိုယ်လုပ်မယ့်အလုပ် ဘာအလုပ်မဆို တစိုက်မတ်မတ်လုပ်ဖို့သာ ဆုံးဖြတ်ရပါလိမ့်မယ်။

ခင်ဗျား အိပ်ရေးပျက်ရပြီ။ ကိုယ်ပျော်တဲ့အလုပ်ကို ရပ်လိုက်ရပြီ ဆိုရင်တော့ ကိုယ့်ကိုယ်ကို အလေးအနက်ပြန်ဆွေးနွေးဖို့ လိုနေပြီလို့သာ မှတ်လိုက်ပါတော့။ ဒီစာအုပ်အစကို ပြန်ဖတ်ပြီး ချမ်းသာကြွယ်ဝမှုဆိုတာကို ခင်ဗျားဘယ်လို သဘောပေါက်နားလည်သလဲ ပြန်စဉ်းစားကြည့်ရုံပါပဲ။

ကာတွန်းလေးတစ်ပုဒ်ကို ကျွန်တော် သတိရမိတယ်။ အစည်းအဝေးခန်းမထဲမှာ အမှုဆောင်အရာရှိ သူဌေးကြီးတွေ ဝိုင်းထိုင်နေတယ်။ မိန်းမငယ်လေးတစ်ယောက်က တံခါးကိုခေါင်းနှင့်တိုက်ပြီး အော်တယ်။

"ငွေနှင့် ကြင်နာတဲ့အပြုံးတစ်ခုကို ဝယ်လို့ မရပါဘူး"

စည်းဝေးခန်းထဲက လုပ်ငန်းရှင်တွေအားလုံး တဒင်္ဂအားဖြင့် အရှက်ရသွားတယ်။ ဒီတွင် သဘာပတိလုပ်တဲ့ပုဂ္ဂိုလ်ကြီးက ထန်ထန်မာန်မာန် ပြန်ဟောက်ပစ်လိုက်တယ်။

"ထွက်သွားစမ်း ကလေးမ။ ဘယ်အကောင်က ကြင်နာတဲ့အပြုံးကို လိုချင်လို့တဲ့"

 mgyoe.com SAMPLE BOOK 

ဒီတော့မှ တခြားပုဂ္ဂိုလ်တွေလည်း စိတ်သက်သာရာရသွားပုံနှင့် အစည်းအဝေး ဆက်ထိုင်ကြတယ်ဆိုပဲ။

အဲ– ကျွန်တော့်အဖို့ ကျွန်တော့်မှာ ငွေအနည်းအကျဉ်းဆုံးရှုံးသွားရင်တော့ ‘ကရုဏာအပြုံး’ဆိုတာ ကြိုက်ချင်ကြိုက်မယ်။ ကျွန်တော်က ညတိုင်း စိတ်အေးလက်အေးအိပ်ချင်တာနှင့် ကိုယ့်အလုပ် ကိုယ် ပျော်ပျော်ကြီးလုပ်ပြီး ငွေဝင်လမ်းဖြောင့်တာပဲ တောင့်တမိတယ်။

ဒါပေမယ့် ကျွန်တော့်ရဲ့ အခြေခံမှုတွေဖြစ်တဲ့ မိသားစုနှင့်,ကလေးတွေနှင့် ရသလောက်အချိန်ဖြုန်းရတာတွေ, အခါအားလျော်စွာ နေပူဆာလှုံ့ရတာတွေကိုတော့ မပစ်ပယ်ချင်ပါဘူး။

ပြီးတော့လည်း အိပ်ရာဝင်တဲ့နောက် ငွေနှင့် အလုပ်အတွက် ပူပင်ရတာတွေလည်း မလိုလားသလို၊ ပျော်ရွှင်ချမ်းမြေ့မှုနှင့် ရယ်ရယ်မောမောနေရတာတွေ အရှုံးခံပြီး ငွေနောက်လိုက်ရတာလည်း မကြိုက်ပါဘူး။

ဒီလိုဖြစ်ရင်လည်း လူချမ်းသာတွေမှာရှိတဲ့ အသိမျိုးကပ်မိတာပါပဲ။

‘ငွေရှာတယ်’ဆိုတာ ဘဝလုံခြုံရေးအတွက်ပဲ ဖြစ်ပြီး၊ ကိုယ်ကျင့်တရားနှင့် အညီ ချမ်းသာဖို့, သူတော်ကောင်းအဖြစ်နှင့် ငွေထုပ်ကြီးပိုက်မိဖို့သာ ဦးစားပေးစဉ်းစားတာပါ။

တစ်ခါတစ်ရံ ဒီလိုဖြစ်မယ်လို့ မထင်ရ, မထင်ကြတာတော့ အမှန်ပါပဲ။ ရှေးရိုးစွဲ ငွေကြေးဆိုင်ရာဒဏ္ဍာရီပုံပြင်တွေကိုတော့ တစ်စမကျန် ခေါင်းထဲက ဖျောက်ပစ်ထားလျက်ပါ။


mgyoe.com

## သိုက်စာ ဥပဒေသ ၁၃

### ဒုစရိုက်မှုများဖြင့် ငွေမရှာရန်

ကျွန်တော်က ဂူးဂဲလ် Google ရဲ့ တာဝန်ယူတင်ပြချက်ကို သဘောကျမိပါတယ်။

'မကောင်းဆိုးဝါးမိစ္ဆာ မဖြစ်ပါစေနှင့်'တဲ့။

ဒါဟာ စကားလုံးအသစ်အဆန်းဖြစ်အောင် ပြောင်းပြန်လှန်ရေးထားတာမျိုးလို့ဆိုရမယ့်တိုင်အောင် ကျွန်တော်ကတော့ အသည်းစွဲခဲ့ရပါတယ်။

တကယ်လို့ ခင်ဗျားဟာ လိမ်ရတယ်။ လှည့်ဖြားရမယ်။ ခိုးရမယ်။ ညာလှိုင်းရမယ်။ ဂနာမငြိမ် ဖြစ်ရမယ်။ ဖုံးကွယ်လာမယ်။ ဥပဒေကို လက်တစ်လုံးခြားလုပ်ရမယ်။ တစ်နည်းနည်းနှင့် မသမာမှုတွေ ဆိုးဆိုးဝါးဝါးလွန်ကျူးပြီး ငွေရှာရမယ်ဆိုရင်တော့၊

ကျေးဇူးပြုပြီး အဲသလိုမလုပ်ပါနှင့်။ ရတာနှင့် မကာပါဘူး။

ငွေရှာတာ၊ ဒါမှမဟုတ် ချမ်းသာအောင်လုပ်တာဟာ ပျော်စရာကောင်းတဲ့အဖြစ်က နိဂုံးချုပ်သွားပါလိမ့်မယ်။ ဒီနောက်တော့ ခင်ဗျားမှာ ဘာမျှလုပ်စရာမကျန်တော့ဘဲ ဦးတည်ချက် ပျောက်သွားပါတော့မယ်။ သမ္မာအာဇီဝကျကျ စီးပွားရှာတဲ့လမ်းကြောင်းက ဆန့်ကျင်တာမှန်သမျှကို ငြင်းပယ်ပြီး အသန့်စင်ဆုံးနည်းလမ်းတွေနှင့်သာ ငွေရလမ်း ထွင်သင့်ပါတယ်။

ကျွန်တော်ဟာ တစ်ခါက အထင်ကရ ဒုစရိုက်သမားကြီးတစ်ဦးနှင့် သိဖူးပါတယ်။ သူက 'လူဆိုးလူကြမ်း ရာဇဝတ်ကောင်ဖြစ်ရတာ စိတ်ချမ်းမြေ့စရာ တစ်ကွက်မျှမရှိတဲ့အကြောင်း'နှင့် 'သူဟာ ကျွန်တော်တို့ထက် ဥပဒေချိုးဖောက်မှုတွေ အများကြီးလုပ်ခဲ့ကြောင်း' ဖွင့်ဟဝန်ခံခဲ့ပါတယ်။

'သူဟာ ရဲ အဆွဲမခံရအောင် ဘာမျှ မကြိုးစားခဲ့ရပါဘူး'တဲ့။



mgyoe.com

'အနည်းဆုံးအနေနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုလေးနှင့်တောင် မသကာ မခံရပါဘူး'တဲ့။

'ရဲတွေခေါ်ယူ စစ်ဆေးခံရလောက်တဲ့ သန်းခေါင်ကျော် ပါတီပွဲမျိုးလည်း မရှိခဲ့သလို သူ့နောက်က ရဲကင်းလှည့်ကားလည်း တစ်ခါမျှ အလိုက်မခံရပါဘူး' ဆိုပဲ။

'သူ့ကို မျက်စောင်းထိုးပြီး ကွက်ကြည့်ခံရတဲ့အထိ မော်မော်ကြွားကြွား နေထိုင်ခဲ့တာလည်း မဟုတ်ပါဘူး'လို့ ဆိုပါတယ်။

'ဒါပေမယ့်- တကယ့်ကို ဒါပေမယ့် သူ့ဘဝမှာ စိတ်တထင့်ထင့်နှင့် အိပ်မရတဲ့စိတ္တဇညတွေသာ များခဲ့ပါတယ်'ဆိုပါလား။

အကုသိုလ်ဒုစရိုက်မှုဆိုတာ ဘယ်သူသိသိ မသိသိ၊ ကိုယ်တိုင်က သိနေပြီး ရင်ထဲမှာလောင်ကျွမ်းနေတဲ့ မီးတစ်မျိုးပဲ မဟုတ်ပါလား။

ဒီတော့ ပါတီပွဲ, ညေ့်ခံပွဲတွေ တလွှားလွှားနှင့်တက်ပြီး မိုးပျံနေရတဲ့ဘဝ ထက် ရိုးရိုးအေးအေးနှင့် အပြစ်ကင်းစင်တဲ့ဘဝမှာ နေရတာက ပိုကောင်းတယ် ဆိုတာ ထင်ရှားပါတယ်။

ရိုးသားကြိုးစားပြီး ရလာတဲ့ငွေတွေဟာ ပိုအကျိုးများသလောက်၊ အိပ် ကောင်းခြင်းအိပ်ရတဲ့ ဥပဒေတွေကို ဖန်တီးပေးတာပဲ ဆိုရမှာပေါ့။

ဒါနှင့်အမျှ ကိုယ့်သားမယားတွေရဲ့ မျက်စိ, မျက်နှာကို ရဲရဲဝံ့ဝံ့ကြည့်နိုင် သလို၊ မှန်ထဲက ကိုယ့်ရုပ်ကိုလည်း ကိုယ်ကြည့်ညှိစရာ ရှိပါတယ်။ အပိုဆုအနေနှင့် စိတ်ချမ်းသာမှုပီတိသုခတွေ ခံစားရမှာ မလွဲပါဘူး။ ဒီပီတိကို ငွေဘယ်လောက် ပေးပေး ရမှာမဟုတ်တာတော့ သေချာပါတယ်။

ခင်ဗျားဘက်က လိမ်လည်ကောက်ကျစ်စရာ ကြုံလာတာဟာ ခင်ဗျားကို ကျရှုံးစေမယ့် နိမိတ်ပါပဲ။ ဒါဟာ ခင်ဗျားရဲ့ ရှေ့ဆက်က,ရမယ့်ဇာတ်လမ်း ဇာတ်ကွက် ပျောက်သွားစေပါလိမ့်မယ်။ ဘဝပျက်သွားအောင် ချောက်ထဲတွန်းချ မယ့် အဖြစ်ပဲပေါ့။ တစ်နည်းအားဖြင့် လူ့အသိုင်းအဝိုင်းအပြင်ဘက်ကို ရောက်သွား တဲ့အဓိပ္ပာယ်ပါ။ ပြီးတော့ ခင်ဗျားကို လူညွန့်တုံးသွားစေမှာ မလွဲပါဘူး။ ကုန်ကုန် ပြောရရင် ခင်ဗျားဟာ လူဖျင်းလူညံ့, လူ့အနှ, အချောင်သမား, လူ့အဖယ်ခံ,

mgyoe.com

mgyoe.com
SAMPLE BOOK

ကြံရည်ဖန်ရည်မရှိတဲ့လူ ဖြစ်သွားစေပါလိမ့်မယ်။

ကျွန်တော်ဟာ ဆိုးသွမ်းယုတ်မာတဲ့ ဒုစရိုက်မှုတွေမပါဘဲ ကြီးပွားချမ်းသာလာတဲ့ နာမည်ကျော်သူဌေးကြီး အများအပြားနှင့် တွေ့ဖူးပါတယ်။ ဟုတ်ပြီ။ သူတို့ဟာ ချမ်းသာတာမှန်တယ်။ ဒါပေမယ့် သူတို့မျက်လုံးတွေထဲစိုက်ကြည့်ရင် ဘာမြင်ရမလဲ။ သူတို့မျက်လုံးထဲမှာ ည မျက်စိကြောင်တောင်နှင့် အိပ်ရေးပျက်ခဲ့ရတဲ့ အရိပ်လက္ခဏာတွေ ပေါ်နေသလား။ ညကြီးသန်းခေါင် လူခေါ်ခေါင်းလောင်းမြည်လာလို့ အပြေးအလွှားထ,လိုက်ရတဲ့ အသွင်သဏ္ဌာန်တွေ ထင်နေသလား။

စင်စစ်တော့ ဘယ်သူမျှ ကိုယ့်ကိုမယုံတဲ့အဖြစ်နှင့် ကျီးလန့်စာစားပြီး လိပ်ပြာမသန့်တဲ့ဘဝကို ခင်ဗျားကိုယ်တိုင် မလိုချင်သလို၊ သူတို့လည်း လိုလားမှာ မဟုတ်ပါဘူး။

ဒါဖြင့် သေချာပါတယ်။ ကိုယ့်ကိုယ်ကို အပြစ်ကင်းစင်ရိုးဖြောင့်ပြီး တရားမျှတတဲ့ဘဝနှင့် စိတ်အေးလက်အေး နေချင်ကြသူတွေချည်းပါပဲ။ ဒီသဘောကို ဦးနှောက်စားခံပြီး အထွေအထူးစဉ်းစားစရာ မလိုပါဘူး။

တခြားလူတွေကို ဘဝပျက်အောင် ဒုက္ခရောက်တဲ့အထိ ရက်စက်ကောက်ကျစ်ယုတ်မာမှုတွေနှင့် မတရားသဖြင့် လုယက်ယူငင်ခဲ့ရတာတွေ မရှိ၊ ဥပဒေချိုးဖောက်မှုနှင့် စည်းကမ်းဖောက်ဖျက်မှုတွေမရှိဘဲ ချမ်းသာလာတယ်ဆိုရင်တော့ ဂုဏ်ယူစရာပါပဲ။ ညကို ပူပင်ကြောင့်ကြမဲ့ အိပ်စက်နိုင်တာပေါ့။

အဲဒါတွေ အားလုံးရဲ့ လိုအပ်မှုကတော့ 'ကိုယ် ဘယ်သူဘယ်ဝါ။ ဘာလုပ်နေတယ်။ ကိုယ့်ငွေတွေကို ဘယ်နည်းနှင့်ရတယ်' ဆိုတာတွေ အမြန် ပြန်စစ်ဆေးကြည့်ဖို့ပဲပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

## သိုက်စာ ဥပဒေသ ၁၄

ငွေနှင့်ပျော်ရွှင်မှုသည် အချင်းချင်း ရင်းနှီးခင်မင်မှုရှိကြ၏။

ကျွန်တော်တို့ကို စိတ်မချမ်းသာဖြစ်စေတဲ့ကိစ္စတွေ မနည်းမနောပါပဲ။ ကိုယ့်အဖော်နှင့်ကွဲရတာ၊ စွန့်ပစ်ခံရတာ၊ နေထိုင်မကောင်း ရောဂါဖိစီးခံရတာ စသည်ဖြင့် အများကြီး။ ဒီအထဲမှာ ငွေနှင့်ပတ်သက်လို့ ဆက်နွယ်မှုတချို့လည်း ပါလေရဲ့။ ဆိုပါတော့-

- ငွေ နည်းလွန်းတာ၊
- ငွေတွေ အလျှံပယ်ဖြစ်နေတာ၊
- ပစ္စည်းဥစ္စာတွေ ပေါများလွန်းတာ၊
- ငွေလုံလောက်အောင် မရတာ မျိုးတွေပေါ့။

ကျွန်တော်တို့ လူမှန်းသိတတ်စ အရွယ်ကတည်းက အစွဲသန်ခဲ့ကြတာက တော့

'ငွေနှင့်ပျော်ရွှင်မှုဟာ တစ်ထပ်တည်းမကျဘူး'။

'ပျော်ရွှင်မှုကို ငွေနှင့်ဝယ်လို့ မရဘူး'ဆိုတာပါပဲ။

ဒါဟာ လူတိုင်းလိုလို အမှတ်မှားနေကြတဲ့ အမှား။ ဒီအမှားမျိုး ခင်ဗျား ကိုယ်တိုင် မမှားစေချင်ပါဘူး။

လူတွေအဖို့ ဆင်းဆင်းရဲရဲနှင့် ပျော်ရွှင်နိုင်သလို၊ ချမ်းချမ်းသာသာနှင့်လည်း ပျော်ရွှင်နိုင်ပါတယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ စိတ်ညစ်စရာတွေ လည်း ကြုံနိုင်တာပါပဲ။

မနေ့ဥစ္စာပေါကြွယ်မှ ပျော်နိုင်မယ်ဆိုရင်လည်း စိတ်ပျက်ရပါလိမ့်မယ်။

ငွေနှင့်ပတ်သက်လို့ 'ငွေရှိမှ တန်ခိုးသြဇာကြီးတယ်။ နုပျိုတယ်။ စွဲမက်စရာ ကောင်းတယ်။ ပိုပြီး ရှင်သန်တယ်။ ပိုပြီး ဆွဲဆောင်နိုင်တယ်' ဆိုတာတွေလည်း အပြည့်အဝ တကယ် မမှန်သေးပါဘူး။

စင်စစ်တော့ ငွေဟာ ရောဂါကုသရာမှာ အစွမ်းထက်တဲ့ဆေး မဟုတ်ဘဲ၊


mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်သက်သာအောင် အစားထိုးပေးလိုက်တဲ့ ချေးသိပ်မှု၊ ဆေးအတုသာ ဖြစ်ပါတယ်။

ထိပေါက်တဲ့လူတွေဟာ ဧရာမခြံနှင့် တိုက်ကြီး ဝယ်လိုက်ပေမယ့်၊ စိတ်ဆင်းရဲကြရတာပါပဲတဲ့။ အကြောင်းကတော့ ရပ်ရွာထဲက သူတို့နှင့် အခင်မင်ဆုံး မိတ်ဆွေတွေနှင့် ခွဲခဲ့ရတာ မဟုတ်လား။

ဒါမှမဟုတ် သန်းကြွယ်သူဌေးတစ်ယောက်ကလည်း စီးပွားပျက်လို့ မွဲပြာကျပြီး သောက ရောက်နိုင်တာပဲလေ။

ဒါပေမယ့် ငွေနှင့်ပျော်ရွှင်မှုကြားက ဆက်နွယ်မှုကိုနားလည်ဖို့ ဒီဥပဒေသအတိုင်း လိုက်နာတတ်မယ်ဆိုရင်တော့ ဘယ်အမှားမျိုးမျှ ကျူးလွန်မိမှာ မဟုတ်တော့ပါဘူး။

အဲ- ခင်ဗျား ပြန်မေးလိုက်သံ ကြားလိုက်ရတယ်ထင်ရဲ့။

''ဒီဥပဒေသက ဘာကို အတိအကျ ညွှန်းဆိုသလဲ။ ကျုပ် ဘာလုပ်ရမလဲ။ ဟုတ်လား''

အဖြေက ရှင်းရှင်းလေးပါ။ ငွေဆီက လိုချင်တာ အားလုံးရလိမ့်မယ်လို့ မမျှော်လင့်ဖို့နှင့် ပျော်မယ်ထင်ပြီး စည်းစိမ်ဥစ္စာတွေ မဝယ်ဖို့ပါ။

အသစ်စက်စက် ဘီးမား*ကားကြီးတစ်စီး၊ ဒါမှမဟုတ် ခင်ဗျားလိုချင်ပေပဲ မက်တဲ့ ဘယ်ပစ္စည်းပဲဖြစ်ဖြစ် ဖန်တီးသူတွေဟာ ပျော်ပျော်ရွှင်ရွှင်လုပ်ခဲ့တာ ဟုတ်ချင်မှဟုတ်မယ်။ ဆိုလိုတာက ခင်ဗျားရဲ့ပျော်ရွှင်မှုအစစ်ဟာ အဲ့ဒီကားထဲမှာရှိတာ မဟုတ်ဘဲ၊ ခင်ဗျားနှလုံးသားထဲ၊ ရင်ထဲမှာသာ ရှိနေတာကြောင့်လို့ပါ။

အဓိပ္ပာယ်က လူတွေဟာ ကိုယ့်စိတ် ကိုယ် ဖြားယောင်းလှည့်စားနေတယ်လို့ ပြောချင်တာပါ။

'ဘယ်ငွေက စိတ်ဆင်းရဲမှုတွေတစ်ပုံကြီးကို ဝယ်ပြီး လွှင့်ပစ်နိုင်သလဲ' ဆိုတာက အများပြောနေကျစကား။

ဒီ့ထက်ပိုပြီးတော့လည်း သူတို့ပြောတတ်ကြတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်နားလည်တာကတော့ ငွေဆိုတာ မိန်းမလိုပဲ မရှိမကောင်း၊ ရှိမကောင်းမို့ တည့်အောင်ပေါင်းဖို့ပဲ အရေးကြီးပါတယ်လို့။

* Beemer


mgyoe.com

## သိုက်စာ ဥပဒေသ ၁၅

### စျေးနှုန်းနှင့်တန်ဖိုး မတူကွာချင်းတာကို သိပါစေ။

တစ်ခါက ကျွန်တော်ဟာ လူပျော်ကြီးတစ်ယောက်ဖြစ်တဲ့ ယောက္ခမကြီးကို ဝိုင်အရက်အကြောင်း ရှင်းပြခိုင်းမိတယ်။

'အိမ်နားက စတိုးဆိုင်မှာ ၅ ဒေါ်လာပေးရတဲ့ ဝိုင်အရက်တစ်လုံးဟာ ထိပ်တန်းဟိုတယ်ကြီးကျတော့ အဆ ၂၀ တင်ပြီး ဒေါ်လာ ၂၀၀ ပေးရတာ ဘာကြောင့်ပါလိမ့်' ပေါ့။

ဒီတော့ သူ့အဖြေက စိတ်ဝင်စားစရာပါပဲ။

"မင်း ဝိုင်အရက်ဖိုးပဲပေးရတာ မဟုတ်ဘူးလေ။ ပတ်ဝန်းကျင်, နေရာထိုင်ခင်း, ရေခဲ, စားပွဲထိုးရဲ့ကျွမ်းကျင်မှု, ဆိုင်ရဲ့အဆင့်အတန်း, ပရိဘောဂအသုံးအဆောင်, သီးသန့်ခန်း, ထုံးတမ်းအစဉ်အလာ, အစားအသောက်ကောင်းမှု, သန့်ရှင်းလတ်ဆတ်မှု, ငြိမ်သက်အေးချမ်းမှု, လာစားသောက်တဲ့ လူကုံထံဧည့်သည်တွေအရေးထားပြောကြားဆွေးနွေးချက်တွေအတွက် တန်ဖိုးတက်သွားတာ ဆိုပါတော့"

သူပြောသလိုဆို ဝိုင်ဟာ အဓိက မကျတော့ပါဘူး။ ဒါဟာ တကယ့်အချက်ပေါ့။

ကျွန်တော်တို့က ပစ္စည်းတစ်ခုရဲ့ 'စျေးနှုန်း' ကို သိတယ်လို့ အောက်မေ့ကြတယ်။ ဒါပေမယ့် 'တန်ဖိုး'ဆိုတာက အဲ့ဒါထက် အပုံကြီးမြင့်တာကလား။

ကျွန်တော့်မှာ မာစီဒီးကားအိုကြီးတစ်စီးရှိပြီး စျေးလည်း သိပ်မပေးခဲ့ရပါဘူး။ ဒါပေမယ့် လက်ရာကောင်းသလောက် တော်ဝင်တုန်းပေါ့။ ဒီကြားထဲမှာ အသိတစ်ယောက်က ဝယ်ခါစ ကားသစ်ကြီးမောင်းပြီး ကျွန်တော့်အိမ်ကို လာလည်



mgyoe.com

တယ်။ နောက်ဆုံးပေါ် ယူရိုဘောက်စ်* ကော့ပျံနေတာနှင့်အမျှ အာကာသယာဉ် အငယ်စားလေးနှင့်တောင် တူနေတယ်။ မိတ်ဆွေက ကျွန်တော့်ရဲ့ ရွံ့တွေနှင့်ပေနေတဲ့ကားအိုကားစုတ်ကြီးကို ကြည့်ပြီးနှာခေါင်းရှုံ့တယ်။

"ကိုယ့်ဆရာ ကား ကောင်းကောင်းလေး ဝယ်စီးဦးမှပေါ့"တဲ့။

ကျွန်တော်ကလည်း 'အကြောင်းမဟုတ်ကြောင်း'နှင့် 'ကျွန်တော့်ကားထက်သူ့ကားက ၅ ဆကျော် ပိုပေးရမှာဖြစ်ပေမယ့်၊ ကျွန်တော့်ကားကို မမီပါဘူး'လို့ အားကျမခံ ပြန်ချေပမိတယ်။

အဲ့ဒီတော့မှ သူ့ကားဈေးထက် ပိုမြင့်တဲ့ မာစီဒီးရဲ့ဂုဏ်ကို နားလည်သွားတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲ့ဒီနေ့ကစလို့ ဈေးနှုန်းနှင့် တန်ဖိုးဟာ တခြားစီဖြစ်ပြီး တန်းညှိလို့မရကြောင်း ပိုသဘောပေါက်ခဲ့တယ်။

ဒါနှင့်အမျှ လူတစ်ယောက်နှင့်တစ်ယောက် တန်ဖိုးထားမှု မတူတာတွေကို သတိပြုမိလိုက်တယ်။ သူကြိုက်ရင် ကြိုက်သလောက် ပေးဝယ်မှာပါပဲ။ ပန်းချီကားတစ်ချပ်ဟာ ဒေါ်လာ ၅၀၀ လို့ တန်ဖိုးသတ်မှတ်ထားရင် ကြိုက်တဲ့လူက ဝယ်သွားမှာဖြစ်ပေမယ့်၊ တချို့လူတွေက 'မတန်ဘူး'ထင်ချင်ထင်နိုင်တယ်။ တချို့ပစ္စည်းတွေဟာ သူ့ရှိတဲ့တန်ဖိုးထက် အများကြီး ဈေးချိုချင်လည်း ချိုလိမ့်မယ်။

ခင်ဗျားက ချမ်းသာဖို့ ကြံဆနေတဲ့လူဆိုရင်, (အဲ- ချမ်းသာချင်စိတ်နှင့် ကြိုးစားနေတယ်လို့ ကျွန်တော်တို့ ရိုးရိုးသားသား မျှော်လင့်ပါတယ်)။ ဒီစာအုပ်ထဲက စည်းမျဉ်းဥပဒေသတွေအတိုင်း လိုက်နာပြီး အားထုတ်ကျင့်ဆောင်မယ်ဆိုရင် ဈေးနှုန်းနှင့် တန်ဖိုး ကွာခြားမှုကို သိထားထိုက်တာတော့ အမှန်ပါပဲ။

* Eurobox



mgyoe.com

mgyoe.com SAMPLE BOOK

## သိုက်စာ ဥပဒေသ ၁၆

### 'လူချမ်းသာတွေ ဘယ်လိုတွေးသလဲ' သိထားရမယ်။

လူတစ်ယောက်ကို ချမ်းသာနိုင်မယ့်လူလား၊ ချမ်းသာနေပြီလားဆိုတာ ဆုံးဖြတ်ချက်ချဖို့ ဆန်းစစ်မှုတစ်ခု ရှိပါတယ်။ အဲဒါကတော့ ဒီလူအကြိုက်ဆုံး ထားပြီးဖတ်တဲ့ သတင်းစာ၊ အထူးသဖြင့် တနင်္ဂနွေအထူးထုတ်တွေကို ကြည့်ဖို့ပါပဲ။

- ❑ သူ ဘယ်စာမျက်နှာကို ရွေးဖတ်သလဲ။
- ❑ ဘယ်ကဏ္ဍကို ဦးစားပေးသလဲ။
- ❑ ဘယ်ကဏ္ဍတွေကို ပယ်ပစ်သလဲ။
- ❑ သူဖတ်တဲ့ကဏ္ဍက ဘာကို အရင်ဖတ်သလဲ။

ဒီနည်းနှင့် ခင်ဗျားကိုယ်ခင်ဗျားလည်း ဆန်းစစ်နိုင်ပါတယ်။ တစ်ချက်ချင်း လိုက်ပြီး ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ရုံပါ။ လူချမ်းသာတွေဟာ ချမ်းသာမယ့် အကြောင်းတွေကို ထိပေါက်ထားတဲ့လူတွေ၊ အမွေရတဲ့လူတွေထက် ပိုနှစ်နှစ် သက်သက် ရွေးချယ်ကြတယ်။ တစ်နည်း-ထိပေါက်ဖို့၊ အမွေရဖို့သာ မျှော်လင့် နေတာမျိုး မရှိဘူးပေါ့။

သူတို့က-

- ■ ပိုလေးနက်ပြီး အကျိုးပြုမယ့်စာမျက်နှာကို ရွေးမယ်။
- ■ ကြီးပွားအောင်မြင်ရေးကဏ္ဍကို ဦးစားပေးမယ်။
- ■ အပျော်ဖတ်ကဏ္ဍတွေကို မဖတ်ဘူး။
- ■ ငွေကြေးစီးပွားရေးလုပ်ငန်းအကြောင်းတွေ အရင်ဖတ်မယ်။

ခင်ဗျားအနေနှင့် အောင်မြင်ချမ်းသာရေးကို အလေးထားတယ်ဆိုရင် လူချမ်းသာတွေ ဘယ်လိုတွေးကြတယ်ဆိုတာ သိထားဖို့ လိုပါတယ်။ အချိန်တို လေးအတွင်းမှာ သူတို့ရဲ့တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်အောင် ဆန့်ကျင်ဘက်တွေကို လေ့လာထားရမယ့်သဘောလည်း ပါပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့ သူတို့နယ်ပယ်သုံး ဘန်းစကားတွေ၊ အထာတွေ၊ ဘာသာဗေဒတွေကို သိဖို့လိုသလို၊ သူတို့ ဘယ်မှာ စားတယ်၊ ဘယ်လို နေတယ်၊ ဘာတွေလုပ်ကိုင်တယ် ဆိုတာနှင့်၊ အပန်းဖြေအနားယူပုံတွေ၊ ရင်းနှီးမြှုပ်နှံပုံတွေ၊ ငွေစုပုံတွေကိုပါ လေ့လာရမှာပေါ့။ အချုပ်ပြောရရင် ကိုယ့်ရဲ့ဥစ္စာစည်းစိမ် တိုးပွားရေးအတွက် ငွေအကြောင်းပညာတွေ ဆည်းပူးသင်ယူရမယ် ဆိုပါတော့။

ကြုံကြိုက်တဲ့အခါ လူချမ်းသာတွေနှင့် စကားစမြည်ပြောနိုင်ဖို့ ကြိုးစားရမယ်။ မေးခွန်း ထုတ်တတ်ရမယ်။ သူတို့ဆီက ပညာရလိုစိတ်ကို ထက်ထက်သန်သန်မွေးရမယ်။ တစ်ပြိုင်တည်းမှာ လူချမ်းသာတွေနှင့်ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ဖတ်ရမယ်။ သူတို့ရဲ့အင်တာဗျူးတွေနှင့် အတ္ထုပ္ပတ္တိတွေထဲမှာ အတွင်းရေးကိစ္စတွေ နှိုက်နှိုက်ချွတ်ချွတ်ပါနေကျပဲ။

အလားတူပဲ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာနှင့် ဘောဂဗေဒစာအုပ်တွေလည်းလက်လှမ်းမီသလောက် ရွေးချယ်ဖတ်ရှုရာကလည်း အကျိုး ရနိုင်ပါတယ်။

ပြီးတော့၊ အင်တာနက်အွန်လိုင်းပေါ်က FT site နှင့် ငွေကြေးစီးပွားရေးစာမျက်နှာတွေကို ဖွင့်လှန်လို့ ငွေဈေးကွက်သတင်းတွေနှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုတွေကို သိနားလည်ထားသင့်တယ်။

ဒီလုပ်ငန်းစဉ်တွေက သိပ်များ ဝန်လေးစရာဖြစ်နေမလား။ အတင်းအဖျင်းသတင်းတွေကို စိတ်ဝင်စားသလို၊ စီးပွားရေးသတင်းတွေကိုလည်း ဝါသနာပါဖို့အရေးကြီးပါတယ်။ ဒါဆို တစ်စထက်တစ်စ ပညာတိုးပြီး တန်ဖိုးတွေ နားလည်လာမှာပဲပေါ့။ ဒီလိုနှင့် ပျော်လာမှာလည်း မလွဲပါဘူး။

အောင်မြင်ကြီးပွားမှုနှင့် ပျော်ရွှင်မှုဟာ မင်္ဂလာစုံတွဲပါ။ ကျွန်တော်တို့ငွေအမြောက်အမြား သောက်သောက်လဲရအောင် လိုချင်တယ်ဆိုရင် ငွေအကြောင်းကို အငမ်းမရသိလိုစိတ်တွေရှိဖို့ ကောင်းတာပေါ့။ စားလည်း ဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်း ဒီစိတ်နှင့် အိပ်မက်ထဲမှာတောင် ငွေပုံကြီးပေါ်ထိုင်နေရတဲ့ငွေအိပ်မက်တွေ မက်နေရမယ်။ ကြွယ်ဝချမ်းသာမှုတက္ကသိုလ်ကြီးက ဘွဲ့ထူးဂုဏ်ထူးတွေ ဆွတ်ခူးနိုင်တဲ့အထိ အပြင်းအထန် ပညာသင်ရမယ်ဆိုပါတော့။

mgyoe.com

## သိုက်စာ ဥပဒေသ ၁၇

### တခြားလူတွေချမ်းသာတာကို မနာလိုဝန်တို မဖြစ်ပါနှင့်။

ကျွန်တော်တို့မှာ ဦးတည်ချက်၊ရည်မှန်းချက်တွေ ချမှတ်ထားပြီးပြီ။ တစ်ဦးချင်းအနေနှင့် ပုဂ္ဂလိကရည်ရွယ်ချက်တွေ ရှိနေပြီ။ ကြွယ်ဝချမ်းသာရေး လုပ်ငန်းစဉ်အရ ဘယ်လို၊ ဘယ်လောက်လုပ်ရမလဲ ဆိုတာလည်း နားလည်နေပြီ။ ကိုယ့်အတိုင်းအတာနှင့် ကိုယ်လုပ်သင့်၊မလုပ်သင့်၊ ရှောင်ရန်၊ဆောင်ရန်ကိစ္စတွေ သိတန်သလောက်သိနေပြီ။ ဒါဆိုရင် တခြားလူတွေ ဌေးကြွယ်တာကို ဘာကြောင့် ဝန်တိုမနာလို ဖြစ်နေရမှာလဲ။

တကယ်တော့ သူတို့ရဲ့လုပ်ငန်းစဉ်တွေကို မသိတာလည်း မဟုတ်ဘူး။ သူတို့ ဘယ်လို ကြိုးစားအားထုတ်ခဲ့ရတယ်ဆိုတာ မသိတာမဟုတ်။ သူတို့ဘယ်လောက် အနစ်နာခံစွန့်စားခဲ့ရတယ် ဆိုတာတွေလည်း နားလည်လျက်သားနှင့်၊ ကဲ- ဝန်တိုမနာလိုဖြစ်စရာ ဘာရှိဦးမှာလဲ။

ထားပါတော့။ ထီပေါက်တဲ့လူ၊ အမွေရတဲ့လူ၊ လက်ထပ်လိုက်တဲ့လူတွေကို မနာလိုဖြစ်တယ်ဆိုတာ သဘာဝကျဦးမယ်။ စင်စစ် အဲ့ဒါလည်း သူ့ကံနှင့်သူဖြစ်တာလို့ ပြောနိုင်သလို အားကျတာလောက်သာ ဖြစ်သင့်တာပါ။

လူတွေ ငွေရတယ်ဆိုတာ အလုပ်လုပ်လို့၊ စီးပွားရေးလုပ်လို့ ရတာပဲလေ။ သူ့ကြံရည်ဖန်ရည် ဉာဏ်ရည်နှင့် ကြိုးစားမှုအလျောက် ဝင်ငွေကောင်းတာလို့လည်း ဆိုနိုင်ပါတယ်။ သူတို့မှာ အကြံကောင်းဉာဏ်ကောင်းတွေနှင့် တီထွင်ဖန်တီးတဲ့စိတ်ဓာတ်တွေ ရှိနေကြတယ်။ ဒါကြောင့်လည်း သူတို့က ကိုယ့်ထက်စောပြီး ချမ်းသာနေကြတာ မဟုတ်လား။

သူတို့လိုချင်တဲ့ ဆုကို ရဖို့ အားသွန်ခွန်စိုက် ပြေးလွှားလှုပ်ရှားခဲ့ရတာဆိုလည်း မမှားပါဘူး။

ဒီတော့ ဒီလိုလူတွေကို မနာလိုမရှုစိမ့်နိုင်အောင်ဖြစ်ရတာဟာ အဓိပ္ပာယ်မရှိသလို ကိုယ့်အဖို့လည်း ဘာအကျိုးရှိတာမှတ်လို့။

mgyoe.com

mgyoe.com

တကယ်တမ်း သူတို့ဆီကတောင် ကိုယ်က အတုခိုးပြီး ပညာယူရဦးမယ်။ တစ်နည်းပြောရင် သူတို့ကို ဆရာတင်ပြီး အကြံဉာဏ် တောင်းရမှာပါ။

သူဌေးကြီးတစ်ယောက်ကို အနီးကပ်ပေါင်းသင်းတာဟာ နည်းမှန်လမ်းမှန် ကျသလို၊ တရားဝင်မိတ်ဆွေဖြစ်ပြီး ကောင်းရာမွန်ရာရောက်သလို ပျော်ရွှင်ရမှာပါ။ သူကလည်း သူ့ကို လေးလေးစားစားနှင့်လာပေါင်းတဲ့အတွက် အကြံပေး လမ်းညွှန်မှုတွေ အားပါးတရ အိတ်သွန်ဖာမှောက်ပေးမှာပါပဲ။ သူ့လောင်းရိပ် အောက်မှာထားပြီး ကြီးပွားအောင်မြင်ရေးလမ်းကြောင်းပေါ်တောင် တင်ပေးလိုက် ပါလိမ့်ဦးမယ်။ အရင်းအနှီးထုတ်ပေးဖို့၊ ငှားဖို့တော့ ငြင်းချင် ငြင်းမှာပေါ့။ ခင်ဗျားအနေနှင့်လည်း အဲသလို မတောင်းဆိုသင့်ပါဘူး။

ကျွန်တော်သာ ထိတ်ထိတ်ကြဲသူဌေးကြီးတစ်ယောက်နှင့် တွေ့မယ်ဆိုရင် တော့ ခင်မင်ရင်းနှီးမှု ရပြီဆိုတာနှင့် သူ ဘယ်ပုံဘယ်နည်း စီးပွားဖြစ်ခဲ့တယ်ဆိုတာ လေ့လာပြီး၊ ကျွန်တော်နှင့် အံဝင်ခွင်ကျရှိ၊မရှိ စဉ်းစားမှာပါ။ သူ့အဆင့်မျိုးရောက် အောင် လုပ်ဆောင်ရမယ့်အချက်တွေကို ရယူမှတ်သားရမှာပါ။ ဒါဟာ အပြစ် ကင်းစင် ရိုးသားပြီး အကျိုးရှိတဲ့လုပ်ရပ်ပဲ မဟုတ်လား။

သူတို့ရဲ့ ဥပဒေသစည်းကမ်းတွေကို ၉၀ ရာခိုင်နှုန်းလောက်လိုက်နာပြီး ချမ်းသာကြွယ်ဝရေးကို ရှေ့ရှုကြိုးပမ်းတာဟာ မေတ္တာမျက်လှည့်ပြလိုက်တာနှင့် မခြားပါဘူး။ သူတို့လုပ်သလို လိုက်လုပ်တာနှင့်အမျှ သူတို့လိုပဲ ကြီးပွားချမ်းသာ တော့မှာပါ။

ကျွန်တော့်မှာ ဘဏ္ဍာရေးအတိုင်ပင်ခံ အကြံပေးပုဂ္ဂိုလ် ရှိပါတယ်။ သူက အတိုးပေါ် အတိုးညွှန့်တွေတက်လာတာနှင့် မိုးပေါ်မှာရပ်တည်နေသူ ဖြစ်ပြီး၊ ကျွန်တော်ကလည်း ငွေနှင့်ပတ်သက်လာရင် သူပြောသမျှ စကားလုံးတိုင်းကို အရေးထားခဲ့ပါတယ်။ သူ့လက်ရှိဘဝမျိုးကို ကျွန်တော် မျှော်မှန်းနေတာပဲလေ။

တခြားလူ သူတစ်ပါးကို စိတ်ကူးဉာဏ်ကွန့်မြူးမှုရဲ့ ဇာတိအရင်းခံအဖြစ် အသုံးပြုပါ။

မလိုတမာပွားပြီး ဝန်တိုစိတ် မထွေရထားတာကတော့ အခု ဥပဒေသတွေကို ကျင့်ဆောင်မယ်ဆိုတဲ့ ခင်ဗျားလို လူတစ်ယောက်ရဲ့ စရိုက်သဘာဝ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


## သိုက်စာ ဥပဒေသ ၁၈

### မိမိငွေထက် မိမိကိုယ်မိမိ ထိန်းချုပ်ရတာ ပိုခက်ပါတယ်။

ကဲ- ခင်ဗျားကိုယ်ခင်ဗျား ဘယ်လောက်သိသလဲ။ ရေရေလည်လည် တကယ်သိရဲ့လား။ အတွင်းသိအစင်းသိ ဖြစ်ပါ့မလား။ ဝေတေတေဝါးတားတားပဲ ဖြစ်နေမလား။

ကျွန်တော်တို့အားလုံးဟာ စီးကရက်ဖြတ်တော့မှ, ကိုယ်အလေးချိန်ကျတော့မှ, ကျန်းမာဖို့ ချမ်းသာဖို့နှင့် ယှဉ်ကြည့်တော့မှ ကိုယ့်အခြေအနေကိုယ် အမှန်အတိုင်းသိကြတယ် ဆိုရမှာပါ။

ဒီနောက် ပျင်းတာတွေ, စိတ်စွမ်းအား လျော့ပါးတာတွေ, စိတ်ပျက်လွယ်လွန်းတာတွေ, တလွဲတချော်ဖြစ်ဖို့အသင့်ရှိနေတာတွေ သတိပြုမိမှာပါပဲ။

ကျွန်တော် ခင်ဗျားကို ချမ်းသာကြီးပွားရေးနည်းပေးလမ်းပြ လုပ်ပြီး စေတနာနှင့်ပြောနေရာမှာ ပထမဆုံးသိချင်တာက ချမ်းသာစေမယ့်အချက်တွေ တကယ်ရှိနေပြီလား။ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချထားပြီလား။ လိုအပ်သလောက် ကြိုးပမ်းလုပ်ဆောင်မှာလား။ ဦးလည်မသုန် မဖြစ်မနေ စွဲမြဲလုပ်မှာလား။ ကျောထောက်နောက်ခံ တောင့်ရဲ့လား။ သက်လုံ ကောင်းပြီလား။ အသည်းလှိုက်အူလှိုက်ရှိနေတာလား။ မညှာတမ်း အာရုံစူးစိုက်ထားမှာလား။

ဒီအရည်အသွေးတွေမျှ မရှိရင်တော့ အောင်မြင်ဖို့အခွင့်အရေး သိပ်ရှိမှာမဟုတ်ပါဘူး။

ခင်ဗျားကို ကျွန်တော် စိတ်ဓာတ်ကျအောင်နှိမ်နေတာ, ပထုတ်နေ တာလို့ မထင်ပါနှင့်။

အမှန်က ငွေရှာတယ်ဆိုတာ ကျွမ်းကျင်ပညာတစ်ရပ်ဖြစ်ပြီး၊ သင်ယူလို့ရတယ်ဆိုတာ မြင်စေချင်လို့ပါ။ လူတစ်ယောက်အနေနှင့် ပညာယူဖို့ စိတ်သန်မယ်,

mgyoe.com

အဆင်သင့်လည်း ရှိမယ်ဆိုရင် သူ့ကိုယ်သူ ဖွဲ့ခတ်ပြီး အသုံးချမှာပါပဲ။

ဥပမာ ဝင်ဘယ်လ်ဒန်တင်းနစ်ကမ္ဘာ့ချန်ပီယံဖြစ်ဖို့ ဆုံးဖြတ်တယ်ဆိုပါတော့။ ၅ နှစ်သား၊ ၅ နှစ်သမီးကတည်းက တင်းနစ် စကစားရာက ၁၄နှစ်အရွယ်မှာ အငယ်တန်းချန်ပီယံ ဖြစ်ရပါလိမ့်မယ်။ ငွေနှင့်ပတ်သက်လို့လည်း ဒီအတိုင်းပါပဲ။ ကိုယ်အလေးချိန်လွန်ကဲပြီး ဝဖီးနေတဲ့လူလတ်ပိုင်းအရွယ်ရောက်မှ ဖြန့်းစားကြီး ဗိုလ်လုပွဲတက်ဖို့မျှော်လင့်လို့ ရမတဲ့လား။

ကျွန်တော်ငယ်ငယ်က ကျောင်းသားဘဝမှာ အဖိုးတန်စာအုပ်တစ်အုပ်ရောင်းခဲ့ပြီး စားဝတ်နေရေးပြေလည်ခဲ့ဖူးပါတယ်။ တန်ဖိုးမြင့်တက်လာမယ့် ပစ္စည်းတစ်ခုပိုင်ဆိုင်ထားမှုနှင့် ချမ်းသာကြွယ်ဝအောင်လုပ်နိုင်တဲ့ အစွမ်းတွေကို တိုက်ရိုက်ရွေးချယ်မှုအဖြစ် သိလျက်နှင့် ဆူလွယ်နပ်လွယ် ထမင်းအိုးတည်ခဲ့တယ် ဆိုပါတော့။ ဘာကို ကျွန်တော် ဆိုလိုတာလဲ။ သိပါစ။

အနှစ်သာရကတော့ ရွေးချယ်မှုပါ။

ဘယ်အချိန် ဘယ်နည်းနှင့်မဆို ချမ်းသာဖို့ထက် ဆင်းရဲဖို့ကို ရွေးချယ်ခိုင်းတဲ့စာအုပ်ပါ။

ဒီစာအုပ်မျိုးကို စာအုပ်ဆိုင်တစ်ဆိုင်မှာ မကြာခင်ကမှ တွေ့ခဲ့ပါသေးရဲ့။ ယုံပါ။ အဲ့ဒီအချိန်က ကျွန်တော် မကောင်းတာလုပ်ခဲ့တာ မှတ်မိပါသေးတယ်။

ခုတော့ ချမ်းသာကြွယ်ဝသူတွေမှာ ကြီးမားတဲ့တွန်းအားနှင့် စွမ်းစွမ်းတမံစွန့်လွှတ်စွန့်စားမှုတွေရှိနေတာကို သတိပြုမိခဲ့ပါပြီ။

သူတို့ဟာ သူတို့ကိုယ်သူတို့ ထိန်းချုပ်ကွပ်ကဲနိုင်သလို ရေတိုရေရှည်ကြီးကျယ်တဲ့အကျိုးအမြတ် ဆုလာဘ်အသီးအပွင့်တွေ ခံစားရတာလည်း တွေ့ရပါတယ်။

မိမိကိုယ်မိမိ ထိန်းချုပ်မှုနှင့် စိတ်ကို အလိုလိုက်တာတွေက သင်ကြားအပ်တဲ့ အသုံးချပညာတွေပါပဲ။


mgyoe.com